Contact Phone: 01 227781



### Acer Aspire E1- 470G (i3)
- 3rd Generation Intel Core i3-3217U Processor
- Nvidia Geforce GT 820M 1GB
- 4GB DDR3 Low Voltage Memory
- 500GB HDD
- DVD Super Multi Double Layer
- 14.0" HD Acer Cinecrystal LED LCD
- Acer Nplify 802.11 b/g/n, BT
- Crystal Eye HD Webcam
- USB 2.0, USB 3.0, HDMI, VGA, GbLAN, WLAN

Price : US$ 499
Contact Phone: 01 227781

# BUDGET PHONE

## Fadar C800

**Price - 30,000**




| | |
|---|---|
| Network | : CDMA |
| Screen | : 2.5 inches |
| Camera | : 2MP |
| Memory | : Card Slot |
| Bluetooth | : No |
| OS | : Java |
| Contact | : 09- 31067974 |

## Benwee 336

**Price - 55,000**




| | |
|---|---|
| Network | : CDMA |
| Screen | : 2.5 inches |
| Camera | : 0.3 MP |
| Memory | : Card Slot |
| Bluetooth | : No |
| OS | : Java |
| Contact | : 09- 31067974 |

## V-hope V108

**Price - 50,000**



| | |
|---|---|
| Network | : CDMA |
| Screen | : 2.5 inches |
| Camera | : 2 MP |
| Memory | : Card Slot |
| Bluetooth | : No |
| OS | : Java |
| Contact | : 09- 31067974 |

## Huawei 5737

**Price - 50,000**




| | |
|---|---|
| Network | : CDMA |
| Screen | : 2.5 inches |
| Camera | : VGA |
| Memory | : Card Slot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09- 31067974 |

## Huawei G2158

**Price - 45,000**




| | |
|---|---|
| Network | : GSM |
| Screen | : 1.5 inches |
| Camera | : No |
| Memory | : No |
| Bluetooth | : No |
| OS | : Java |
| Contact | : 09- 31067974 |

## Samsung E339

**Price - 65,000**




| | |
|---|---|
| Network | : CDMA |
| Screen | : 2.5 inches |
| Camera | : 1.5 MP |
| Memory | : Card Slot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09- 31067974 |

## ZTE S160

**Price - 30,000**



| | |
|---|---|
| Network | : CDMA |
| Screen | : 1.5 inches |
| Camera | : No |
| Memory | : No |
| Bluetooth | : No |
| OS | : Java |
| Contact | : 09- 31067974 |

## Singtech C21

**Price - 40,000**



| | |
|---|---|
| Network | : GSM |
| Screen | : 2 inches |
| Camera | : VGA |
| Memory | : Card Slot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09- 31067974 |

## ZTE R253

**Price - 30,000**




| | |
|---|---|
| Network | : GSM |
| Screen | : 1.5 inches |
| Camera | : VGA |
| Memory | : Card Slot |
| Bluetooth | : No |
| OS | : Java |
| Contact | : 09- 31067974 |

## Mode S8

**Price - 70,000**



| | |
|---|---|
| Network | : GSM |
| Screen | : 3 inches |
| Camera | : 2 MP |
| Memory | : Card Slot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09- 31067974 |

## Singtech M90

**Price - 60,000**



| | |
|---|---|
| Network | : GSM |
| Screen | : 2.5 inches |
| Camera | : 2 MP |
| Memory | : Card Slot |
| Bluetooth | : Yes |
| OS | : Java |
| Contact | : 09- 31067974 |

## Samsung GTE 1205T

**Price - 40,000**




| | |
|---|---|
| Network | : GSM |
| Screen | : 1.5 inches |
| Camera | : No |
| Memory | : No |
| Bluetooth | : No |
| OS | : Java |
| Contact | : 09- 31067974 |

# TUTORIAL Android

စမတ်ဖုန်းတွေမှာ အများအားဖြင့် ဘက်ထရီနဲ့ပတ်သက်လို့ ဘက်ထရီခံနိုင်ရည်အားကို ပြသမယ်၊ အသုံးပြုနေတဲ့ apps တွေကိုကြည့်မယ်၊ အသုံးပြုခဲ့တဲ့ history ကို မှတ်တမ်းတင်ထားမယ် စသည်ဖြင့် လုပ်ဆောင်နိုင်စွမ်းတွေ ပါဝင်ပြီးဖြစ်ပါတယ်။ ဒါပေမယ့် Widget အနေနဲ့ ပြသကာ ဘက်ထရီရဲ့ အပူချိန်၊ volt အား စီးဆင်းတဲ့ပမာဏနဲ့ နောက်ထပ်အသုံးပြုနိုင်မယ့် အချိန်ခန့်မှန်းမှု အစရှိတဲ့ အသေးစိတ် အချက်အလက်တွေကို ဖော်ပြဖို့အတွက်တော့ သီးသန့် Battery Monitor တစ်ခုခုကို ထပ်မံထည့်သွင်းအသုံးပြုကြရပါတယ်။ ဒီလိုအသုံးပြုဖို့အတွက် Battery Monitor Widget ဆိုတဲ့ Apps ကို အသုံးပြုနိုင်ပါတယ်။ စမတ်ဖုန်းတွေရဲ့ Battery အခြေအနေကို အသေးစိတ်ဖော်ပြပေးနိုင်တဲ့ Apps တွေ များစွာရှိတဲ့အထဲက ဒီ Apps လေးဟာ resource အသုံးပြုမှု အနည်းဆုံးနဲ့ စွမ်းဆောင်ရည်အကောင်းဆုံးဖြစ်ပါတယ်။ ဘက်ထရီမှာ ဖြစ်ပေါ်ခဲ့တဲ့ အပူချိန်အသေးစိတ်ကို တိတိကျကျဖော်ပြပေးနိုင်တဲ့အပြင် ထပ်မံအသုံးပြုဖို့ တွက်ချက်ဖော်ပြပေးတဲ့နေရာမှာလည်း အလွန်နီးနီးစပ်စပ် မှန်ကန်တာကို တွေ့ရမှာဖြစ်ပါတယ်။

Battery Monitor Widget apk ကို Phone ရဲ့ Storage တစ်ခုခု ထဲကို ထည့်ပြီးတစ်ချက်နှိပ်လိုက်ပါမယ်။ ပြီးရင် install ကို ဆက်နှိပ်ပါ။




အနည်းငယ်ကြာတာနဲ့ application install လုပ်ပြီးကြောင်း box ပေါ်လာပါမယ်။ done ကိုနှိပ်ပါ။ ပြီးရင် all application ထဲက Battery Monitor Widget icon ကိုရှာပြီး ဖွင့်လိုက်ပါ။




Application ပွင့်လာတဲ့အခါ Status ဆိုတဲ့ Menu ကို စတင် မြင်တွေ့ရမှာဖြစ်ပြီး လက်ရှိ အလုပ်လုပ်နေတဲ့ ဘက်ထရီရဲ့ အခြေအနေကို ဖော်ပြပေးထားပါလိမ့်မယ်။




ခဏနေလို့ History ဆိုတဲ့ Menu ကို ဝင်ကြည့်လိုက်ရင် ဘက်ထရီကို အားသွင်းခဲ့တဲ့ အချိန် တစ်မိနစ်ချင်းစီအလိုက်ဖြစ်ပေါ်ခဲ့တဲ့ အပူချိန်၊ volt စီးဆင်းမှုအခြေအနေနဲ့ ပမာဏကို အသေးစိတ် မှတ်တမ်းတင်ထားတာ တွေ့ရမှာဖြစ်ပါတယ်။




နောက်ထပ် Menu တစ်ခုဖြစ်တဲ့ Statistics မှာတော့ ဘက်ထရီကို အသုံးပြုခဲ့တဲ့ Apps တွေရဲ့ အခြေအနေ အသေးစိတ်ကို ဖော်ပြပေးပါလိမ့်မယ်။




Estimates ဆိုတဲ့ Menu မှာတော့ ဘက်ထရီအား 100% ရှိတဲ့အခါနဲ့ လက်ရှိရောက်ရှိတဲ့ ဘက်ထရီအား ပမာဏကို % အလိုက် တွက်ချက်ကာ ပျမ်းမျှ ဘယ်နှစ်မိနစ် ခံနိုင်မလဲဆိုတာ ဖော်ပြပေး ပါလိမ့်မယ်။




## Battery Monitor Widgets Pro

မင်းသုရေနောင်

Use Times ဆိုတဲ့ Menu မှာလည်း ဖုန်းမှာ အသုံးပြုမယ့် လုပ်ဆောင်ချက်တစ်ခုချင်းစီအလိုက် Video အသုံးပြုရင် ဘယ်နှစ်နာရီ၊ ဂိမ်းဆော့ရင် ဘယ်နှစ်နာရီ၊ အင်တာနက်သုံးရင် ဘယ်နှစ်နာရီအစ ရှိသည်ဖြင့် တွက်ချက်ဖော်ပြပေးထားမှာဖြစ်ပါတယ်။




Application မှာ ဖော်ပြပေးထားတဲ့ အသေးစိတ် အချက်အလက် menu တွေဟာ များပြားလှတဲ့အတွက် ယေဘုယျအနေနဲ့ ခြုံကြည့်ချင်တဲ့အခါ အပေါ်ဆုံးမှာရှိတဲ့ Battery Monitor ဆိုတဲ့ icon နေရာလေးကိုနှိပ်ကာ ပေါ်လာတဲ့ quick controls ကနေ information popup ကို ရွေးချယ်ကာ ကြည့်ရှုနိုင်ပါတယ်။




ဘက်ထရီရဲ့ အရေးပါလှတဲ့ အချက်အလက်တွေကို Application ထဲကို မဝင်ဘဲ Widgets တွေအနေနဲ့ Home Screen ပေါ် တင်ထားကာ မျက်ခြေမပြတ် ကြည့်ရှုနိုင်ပါသေးတယ်။




စမ်းသပ်အသုံးပြုချင်တယ်ဆိုရင်တော့ File size 416 MB ရှိပြီး Android OS Version 2.3 နဲ့ အထက်မှာ အဆင်ပြေစွာ အသုံးပြုနိုင်ပါတယ်။ http://www.mediafire.com/?o4z51i2b7s578sy မှာ ရယူနိုင်ပါတယ်။

ARTICLE KNOWLEDGE




စည်သူ(Giacomo)

# CPU တို့၏ အနာဂတ် (၂)



ယခင်တစ်ပတ်မှအဆက်

ဒါဟာ သုတေသနခေတ်ခွဲခန်းကနေ စက်ရုံထဲရောက်ဖို့ ခရီးအဝေးကြီး ကျန်သေးတာပါ။ စက်ရုံထဲရောက်ရင်လည်း ပထမအဆင့်အနေနဲ့ Fab လို့ ခေါ်တဲ့ တကယ့်ဈေးမဆီလီကွန်ပြားကြီးတွေအနေနဲ့ အရင်တည်ဆောက်ရသေးတယ်။ နောက်မှသာ ကျွန်တော်တို့ သုံးနေတဲ့ chip အရွယ်အစား ဖြစ်လာတာ။ တကယ်လို့ ရုပ်ပိုင်းဆိုင်ရာအရ ဖြစ်နိုင်ခြေရှိဦးတော့ စီးပွားရေးအရ အောင်မြင်မှုလည်း ရှိနိုင်ဦးမှ။ နည်းပညာသစ်တွေဟာ ပေါင်းစပ်နိုင်မှုမှာ နေးကွေးနေပါတယ်။ ပုံမှန်စံရှိသည့်စီလီကွန်တွေရော၊ ပစ္စည်း အမယ်သစ်တွေနဲ့ပါ ပေါင်းစပ်ထားတဲ့ hybrid chip မျိုးတွေ ပေါ်လာဖို့ တောင်မှ အချိန်ယူဦးမယ်လို့ Mayberry က ဆိုပါတယ်။

တဖြည်းဖြည်းချင်း ချဉ်းကပ်နေတာက transistor တွေရဲ့ ဈေးကို မြင့်တက်စေပါတယ်။ fab လို့ခေါ်တဲ့ အပြားကြီးတွေဟာ တကယ့်တကယ်ကို ဈေးကြီးလွန်းနေတာပါ။ Intel အနေနဲ့ ဒေါ်လာငါးဘီလီယံလောက်တန်တဲ့ Fab တစ်ခုကို ထုတ်လုပ်ဖို့ မကြာသေးခင်ကမှ ဖျက်သိမ်းလိုက်ပါတယ်။ တကယ်လို့ မြန်နှုန်းသပ်သပ်က အရေးကြီးတယ်ဆိုရင် အသုံးပြုသူတွေဟာ နည်းပညာသစ်နဲ့ ထုတ်ထားတဲ့ တကယ့် high-speed chip တွေကို ဝယ်ချင်ကြမှာပါလို့ Linley Group ရဲ့ ပိုင်ရှင် Linley Gwennap က ပြောပါတယ်။ ဒါပေမယ့် အလယ်အလတ်တန်းစား စမတ်ဖုန်းတွေအဖို့တော့ ဒါကဟာသလို ဖြစ်နေတာပါ။ အကြီးစား chip ထုတ်လုပ်သူတွေက သူတို့ရဲ့ လျှပ်စီးပတ်လမ်းပေါ်မှာ transistor တွေကို ချုံ့ပစ်မှုဟာ ၂၀၂၀ လောက်အထိတော့ သက်တမ်းရှိနေပါဦးမယ်။ အဲဒီနောက်မှာတော့ ထုတ်လုပ်မှုကုန်ကျစရိတ် အရမ်းမြင့်လာပြီး Moore's Law ဟာ ရုပ်ပိုင်းဆိုင်ရာအရ အတားအဆီးမဖြစ်ခင် စီးပွားရေးအရကို ရပ်တန့်သွားနိုင်ပါတယ်။

အဲဒီလိုဖြစ်တယ်ဆိုဦးတော့ ကွန်ပျူတာတွေ ပိုမြန်မလာတော့ဘူးလို့ မပြောနိုင်ပါဘူး။ "နှစ်ငါးဆယ်လောက် Moore's Law ကို သုံးပြီး ဒီလုပ်ငန်းကြီးဟာ ကြီးမားကျယ်ပြန့်လာတာပါ"လို့ Dr Gwennap က ပြောပါတယ်။ hardware တွေကို မြန်သထက်မြန်အောင် လုပ်နေတဲ့ ခေတ်ကုန်သွားချိန်မှာတော့ Software ကနေတစ်ဆင့် စွမ်းအင်ကို ညှစ်ထုတ်ယူပြီး ကျွမ်းကျင်တဲ့ Programming နည်းစနစ်တွေကို အသုံးချသွားမယ့်အနေအထားရှိနေပါတယ်။ ရှိပြီးသား transistor တွေကို ပိုပြီးထိရောက်အောင် သုံးနိုင်မယ့် နည်းလမ်းတွေလည်း ပေါ်လာမှာပါ။ လက်ရှိ chip တွေဟာ ဘက်စုံသုံးတွေပါ။ သူတို့ကို အလုပ်စုံနိုင်းလို့ရပေမယ့် ဘယ်တစ်ခုကိုမှ ထူးထူးချွန်ချွန်မလုပ်နိုင်ပါဘူး။ အထူးပြု hardware တွေကတော့ သေးငယ်တဲ့ အလုပ်တွေကို ပိုထိထိရောက်ရောက် လုပ်နိုင်တဲ့အပြင် သိသိသာသာမြန်ဆန်တဲ့ နှုန်းနဲ့လည်း အလုပ်လုပ်ပါတယ်။ (ဥပမာ Bitcoin အတွက်ထုတ်ထားတဲ့ chip တွေဟာ Bitcoin puzzle ကို တွက်ချက်ရာမှာ အရမ်းမြန်တဲ့နှုန်းနဲ့ အလုပ်လုပ်ပါတယ်။) ဒီချဉ်းကပ်ပုံမျိုးကို supercomputer ကြီးတွေမှာ သုံးနေပါပြီ။ အထူးသဖြင့်တော့ video game တွေ ဆော့ဖို့အရမ်းမြန်တဲ့ graphics နဲ့ chip တွေလိုပါပဲ။

## ကျစ်ထုံးတွေဘက် မြားဦးလှည့်ခြင်း

အနာဂတ်ကွန်ပျူတာတွေမှာ သမားရိုးကျ transistor တွေ လုံးဝမပါတော့တာမျိုး ဖြစ်နိုင်ပါတယ်။ လူသိအများဆုံးကတော့ quantum compution နဲ့ ချဉ်းကပ်တာပါပဲ။ quantum mechanics ရဲ့ ကျစ်ထုံးစီးဆင်းပုံကို အသုံးချပြီး အရမ်းကိုမြန်တဲ့ တွက်ချက်မှုတွေကို ပြုလုပ်တာပါ။ ဒါပေမယ့် ဒီနည်းပညာ၌လည်း အပြင်မှာလေလုံးထွားနေသလောက် လက်တွေ့မှာ အလုပ်မဖြစ်သေးပါဘူး။ သမားရိုးကျကွန်ပျူတာတွေကို quantum-mechanical တွေနဲ့ အစားထိုးဖို့က အရမ်းခက်ပါတယ်။ သူတို့မြန်တယ်ဆိုတာလည်း တကယ်တော့ တင်းတင်းကျပ်ကျပ်ကန့်သတ်မှုတွေ အပြည့်နဲ့ပါ။ သူတို့မြန်တယ်ဆိုတာက တချို့ကိစ္စတွေမှာပဲ သာမန်ကွန်ပျူတာတွေထက် ပိုမြန်တာပါ။ ဥပမာ စနစ်တကျစီမထားတဲ့ အချက်အလက်တွေထဲမှာ ရှာဖွေမှုတွေလုပ်ရာ၌ ဒါမှမဟုတ်၊ အရမ်းကိုကြီးတဲ့ကိန်းတစ်ခုရဲ့ သုဒ္ဓကိန်းကို ရှာတဲ့နေရာမှာ အဲဒီလိုနေရာမျိုးတွေမှာ သူတို့က မြန်ပါတယ်။ ဒါပေမယ့် ကျန်တဲ့ကိစ္စတွေမှာတော့ သူမသာကိုယ်မသာပါပဲ။

Quantum ကျစ်ထုံးသက်ရောက်မှုကို သုံးဖို့အခြားနည်းတွေ ရှိပါသေးတယ်။ Intel အပါအဝင် ကုမ္ပဏီတချို့က spintroncs ဆိုတဲ့ အိုင်ဒီယာကို လေ့လာနေကြပါတယ်။ သာမန်လည်ပတ်မှု အယူအဆနဲ့ အနည်းငယ် ဆက်နွယ်နေတဲ့ quantum-mechanical property တစ်ခုဖြစ်တဲ့ subatomic particles တွေရဲ့ လည်ပတ်မှု သဘောတရားပါ။ ဒါကိုတွက်ချက်မှုတွေမှာ သုံးနိုင်မယ်ဆိုတဲ့ အိုင်ဒီယာပဲ ဖြစ်ပါတယ်။ Spintronics ဟာ ပါဝါအစားသက်သာသလို၊ အခြားအားသာချက်တွေလည်း ရှိပါတယ်။ အချို့ Spintronics device တွေဟာဆိုရင် သမားရိုးကျ chip တွေ လုပ်နိုင်တာထက် ပိုပြီး logical ကျတဲ့ အလုပ်တွေကို ပါဝင်အစိတ်အပိုင်းအနည်းငယ်နဲ့တင် ပြီးမြောက်အောင် လုပ်နိုင်ပါတယ်။ သာမန်အပေါင်းတွက်ချက်မှုတစ်ခုကို အခုခေတ် chip မှာဆိုရင် သီးခြား transistor ပေါင်း ၃၀ လောက်နဲ့ အလုပ်လုပ်ရတယ်လို့ Intel ရဲ့ Dr. Mayberry က ပြောပါတယ်။ Spintronics မှာတော့ ငါးခုထဲနဲ့ အလုပ်လုပ်နိုင်မှာမို့ နေရာသေးသေးမှာ တွက်ချက်မှုစွမ်းရည် ပိုများများလုပ်နိုင်မှာပါ။

ရည်ရွယ်ချက်အကြီးဆုံး အိုင်ဒီယာကတော့ neuromorphic computing ယေဘုယျအမည်ပေးထားတဲ့ အိုင်ဒီယာပါ။ ၁၉၈၀ ခုနှစ်တွေက ကွန်ပျူတာသိပ္ပံပညာရှင်ဖြစ်တဲ့ Carver Mead ကစပြီး အဆိုပြုခဲ့တာဖြစ်ပါတယ်။ ဇီဝဗေဒကို အခြေခံတဲ့ အိုင်ဒီယာပါပဲ။ ဇီဝဗေဒအရ ဦးနှောက်တွေဟာ ဆီလီကွန် ကွန်ပျူတာတွေနဲ့ အခြေခံကျကျကို ကွဲလွဲတယ်လို့ IBM ရဲ့ Dr. Guha က ဆိုပါတယ်။ ကွန်ပျူတာတွေဟာ လျှပ်စစ်သီးသန့်စက်တွေပါ။ ဦးနှောက်ကတော့ ဓာတုဗေဒနဲ့ လျှပ်စစ်တို့ ပေါင်းစည်းထားချက်ပါ။ ဦးနှောက်ရဲ့ အခြေခံအကျဆုံး တွက်ချက်မှုပစ္စည်းတွေက neuron တွေပါ။ neuron တစ်ခုဟာ အခြား neuron ပေါင်း ထောင်၊ သောင်း၊ သိန်းမကနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ချိတ်ဆက်နိုင်ပါတယ်။ သာမန် transistor တစ်ခုကတော့ ရာဂဏန်းလောက်ပါပဲ။ transistor တွေက တစ်စက္ကန့်မှာ အကြိမ် ၁ ဘီလီယံလောက် လုပ်နိုင်ပေမယ့် neurons တွေကတော့ ဒါထက် အဆတစ်သန်းလောက် နေးပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် Neurons တွေဟာ ချိတ်ဆက်မှုကို လုပ်ဆောင်တာ၊ ရပ်နားတာတွေကို တစ်ပြိုင်တည်း လုပ်နိုင်ပါတယ်။ ဒါကြောင့် ဦးနှောက်ဟာ သူဖြေရှင်းရမယ့် ပြဿနာပေါ်မူတည်ပြီး လိုအပ်သလို ပြောင်းလဲနိုင်တာပါ။ ဆီလီကွန်တော်တော်များများအဖို့တော့ ဒါက ပုံသေပါပဲ။

ဇီဝဗေဒဦးနှောက်တွေဟာ သာမန်ကိန်းဂဏန်းတွေ တွက်ချက်မှုမှာတော့ သမားရိုးကျကွန်ပျူတာတွေကို မယှဉ်နိုင်ပါဘူး။ ဒါပေမယ့် Pattern recognition လို ကိစ္စမျိုးတွေမှာတော့ နှိုင်းမရအောင် သာပါတယ်။ ဒီနေ့ခေတ် ကွန်ပျူတာတွေနဲ့ ယှဉ်ရင် ပိုပြီးတော့ပါဝါစားမှု သက်သာတယ်လို့လည်း Dr Guha က ပြောပါတယ်။ အမေရိကန် စကားလုံးပဟေဠိ ကစားနည်းဖြစ်တဲ့ Jeopardy ကို ၂၀၁၁ မှာ စိန်ခေါ်သူလူသားအားလုံးကို အနိုင်ကစားပြီး နာမည်ကြီးလာတဲ့ IBM ရဲ့ Watson ကွန်ပျူတာနဲ့ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ Waston ဟာ တကယ့် သီးခြားကွန်ပျူတာအလုံး ကိုးဆယ်ကို ပေါင်းဆက်ထားတာဖြစ်ပြီး အထူးသီးသန့်လေအေးပေးစက်ခန်းနဲ့ ထားရတာမို့ လျှပ်စစ်ဓာတ်အား ကီလိုဝပ်ပေါင်း ဒါဇင်နဲ့ချီပြီး လိုအပ်ပါတယ်။ ကွန်ပျူတာက အနိုင်ကစားနိုင်ခဲ့တဲ့ Ken Jennings ဆိုသူရဲ့ ဦးနှောက်ကတော့ ပေါင်အနည်းငယ်ပဲ အလေးချိန်ရှိပြီး ဝပ် ၂၀ ပဲ ပါဝါစားပါတယ်။ ဒီအတွက် စွမ်းအင်ကိုပဲ ပြောင်းဖူးကိတ်နဲ့ ဆင်းဒဝစ်ချ်တွေကပဲ စွမ်းအင်ပေးနေတာပါ။

ဒီအိုင်ဒီယာရဲ့ အဓိကပြဿနာက လူသားတွေအဖို့ မိခင်သဘာဝတရားကြီးရဲ့ လုပ်ဆောင်ချက်ကို အပြည့်အဝနားမလည်သေးတာပါပဲ။ ဆယ်စုနှစ်ပေါင်းများစွာ သုတေသနလုပ်ကြပေမယ့် ဦးနှောက်တကယ်ဘယ်လိုအလုပ်လုပ်တယ်ဆိုတာ အပြည့်အဝ မသိသေးပါဘူး။ နည်းပညာမှာ ဒီလိုပဍလက်ဆန်မှုမျိုးကို အသုံးမချနိုင်သေးပါဘူး။ ဒါပေမယ့် neuromorphic computing ကို ထောက်ခံသူတွေအဖို့ အားတက်စရာသတင်းတွေ ရှိနေပါတယ်။ ဦးနှောက်ကို သုတေသနပြုမှုတွေ ထွန်းကားလာပြီး၊ ငွေကြေးထောက်ပံ့မှုတွေလည်း ရလာနေပါတယ်။ ဥရောပရဲ့ ယူရို ၁ ဘီလီယံ (ဒေါ်လာ ၁.၄ ဘီလီယံ) တန်ဖိုးရှိတဲ့ Human Brain Project နဲ့ (Human Brain Project အကြောင်းကို နောက်တစ်ပတ်မှာ ဆောင်းပါးအနေနဲ့ ဖော်ပြပေးသွားပါမယ်။) အမေရိကန်ရဲ့ HBP နဲ့ ပုံစံတူ SyNAPSE intiative တွေက အနာဂတ်သုတေသနတွေကို ပိုကောင်းအောင် ဖော်ဆောင်ပေးနေပါတယ်။ တကယ်လို့ ဒီပရောဂျက်တွေ အောင်မြင်မယ်ဆိုရင် ဒီနေ့ခေတ်မှာ အံ့ချီးမဆုံးဖြစ်နေရတဲ့ ဆီလီကွန်တီထွင်မှုတွေဟာ အနာဂတ်မှာ ခေတ်မမီတော့ဘဲ ဂဏန်းပေါင်းစက်သာသာ စက်မျိုးတွေဖြစ်သွားပါလိမ့်မယ်။ ■

> **ဇီဝဗေဒဦးနှောက်တွေဟာ သာမန်ကိန်းဂဏန်းတွေ တွက်ချက်မှုမှာတော့ သမားရိုးကျကွန်ပျူတာတွေကို မယှဉ်နိုင်ပါဘူး။**



ARTICLE
KNOWLEDGE



# အလင်းပျောက်နေသူတွေ အတွက် အားဖြည့်ပေးမယ့် နည်းပညာပစ္စည်းများ (၂)

ငြိမ်း ချမ်း တိုး

**လက်ညှိုးမှာစွပ်၍ အသုံးပြုရမှာဖြစ်ပြီး၊ မျက်စိပါသော လက်စွပ်လို့ အမည်ရတဲ့ MIT Media Lab ရဲ့ Eye Ring ပါ။ ဒီပစ္စည်းလေးမှာ ကင်မရာတပ်ဆင်ပေးထားပြီး၊ ဖုန်းနဲ့ ချိတ်ဆက်အသုံးပြုရမှာဖြစ်ကာ၊ အသုံးပြုတဲ့အချိန်မှာ နားကြပ် တပ်ဆင်ရပါမယ်။**




ယခင်တစ်ပတ်မှအဆက်

မျက်စိမမြင်သူရော၊ မျက်စိမြင်သူပါ ဘဝအတွက်ကောင်းမွန်စွာ အကျိုးပြုနိုင်ဖို့ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတတွေ သိထား၊ တတ်ထားဖို့ လိုအပ်ပါတယ်။ ဘဝခရီးလမ်းလျှောက်လှမ်းတဲ့အခါမှာ ပြုမူပြောဆိုနေထိုင်မှုတွေ အဆင်ပြေစေဖို့ မိဘ၊ ဆရာများက သွန်သင်ဆုံးမ လမ်းကြောင်းပေးသလို၊ မိမိတို့ ကိုယ်တိုင်လည်း ပြင်ပဗဟုသုတတွေ သိရှိထားဖို့ လိုအပ်ပါတယ်။ ဒီလိုသိမြင်ဖို့အတွက် စာအုပ်၊ စာပေတွေ ဖတ်ရှုခြင်းဟာလည်း အထောက်အကူကောင်းစွာပြုတဲ့ အချက်တစ်ချက်ပါပဲ။ ဒါပေမယ့် ပြည်တွင်းမှာတော့ နဂိုတုန်းက တစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေအများစုဟာ တစ်နေ့တာရုန်းကန်လှုပ်ရှားနေရတဲ့ဘဝထဲမှာ စာဖတ်ဖို့ အချိန်ကို အဆင်ပြေမှုဖဲ့ပေးနိုင်ကြပါတယ်။ ဒါကြောင့်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများမှ တတ်နိုင်သရွေ့ စာဖတ်သူများပြားလာအောင် စာပေ ရေချမ်းစင်များ၊ အခမဲ့ စာကြည့်တိုက်များ၊ စာအုပ်ရောင်းချပွဲများ၊ စာပေဟောပြောပွဲများအပြင် စာဖတ်သူတို့ ရုပ်သံလိုင်းစသည့် တီဗီ အစီအစဉ်များပါ ပြုလုပ်ပေးလာကြပါတယ်။ အခုအခါမှာ နည်းပညာပစ္စည်းများ ပေါ်များလာခြင်း၊ wifi လွှင့်ထုတ်ပေးသောနေရာများပေါ်လာခြင်း၊ (Public Digital Libiary Service) ကွန်ပျူတာစာကြည့်တိုက်ငယ်များ တည်ဆောက်ဆောင်ရွက်ပေးလာတော့မှာဖြစ်ခြင်းကြောင့် သွားလေရာ ကိုစာအုပ်သုံးလေးအုပ် ထည့်သွားစရာမလိုတော့ပါဘူး။

မျက်စိမမြင်သူများအတွက်လည်း ရေဒီယို၊ တီဗီတွေမှာ စာအုပ်များ ဖတ်ပြသည့် အစီအစဉ်များ၊ စာပေအကြောင်းအရာ ဆွေးနွေးခြင်းများနဲ့ အခုအခါ စာအုပ်များကို ဖတ်ပြီးအသံသွင်းသည့် အသံလှူပြုလုပ်ခြင်းများကို ပါနားဆင်နိုင်ပါတယ်။ RAY ဖုန်းကို အသံပိုင်းဖြင့် အဓိကအသုံးပြုရမှာဖြစ်ပြီး။ email,message,calendar,GPS, Voice, recorder, အရေးပေါ်ခေါ်ဆိုနိုင်မှု အရောင်ခွဲခြားသတ်မှတ်ခြင်း။ ဘဏ်နဲ့ပတ်သက်သော အချက်အလက်များစသည့် စနစ်တွေလည်း ပါဝင်ပါသေးတယ်။ အနောက်နိုင်ငံတွေမှာတော့ ဒီ RAY ဖုန်းအသုံးပြုတဲ့ မျက်စိမမြင်သူများကို စာဖတ်နိုင်စေဖို့ (သို့) သူများဖတ်ပြသည်ကို နားထောင်နိုင်စေဖို့အတွက်လည်း ဝန်ဆောင်မှုတစ်ခုထည့်သွင်းပေးထားပါတယ်။ အသင်းဝင်ကြေးထည့်ပြီး၊ နားဆင်ရမှာဖြစ်ပါတယ်။ ဗဟိုစာကြည့်တိုက်နဲ့ ချိတ်ဆက်ပေးထားပြီး၊ ရေဒီယိုအသံလွှင့် အစီအစဉ်ကဲ့သို့ Studio တစ်ခုထားရှိပြီး၊ အသံလွှင့်ခန်းမများ၌ စာအုပ်များဖတ်ရှုပြီး အသံဖမ်းထားကာ ပြန်လွှင့်ပေးနေတာပါ။ ဒီ RAY ဖုန်းထုတ်လုပ်သူများက အသုံးပြုမယ့် မျက်မမြင်များကို ဂုဏ်ယူစွာဖြင့် စကားတစ်ခွန်းကြေညာပေးခဲ့ပါတယ်။ ဒါကတော့ ''သင့်အိတ်ကပ်ထဲမှာ စာကြည့်တိုက်ရှိတယ်''ဆိုတဲ့စကားပါ။ ဖုန်းရဲ့ touchscreen မှာ မျက်မမြင်များ အသုံးပြုတဲ့အခါ အဆင်ပြေစေဖို့ အဓိကတို့ထိလှုပ် အစိမ်းရောင် point တစ်ခုပေးထားပြီး၊ ဘေးပတ်လည်မှာ contact ဖုန်းခေါ်ဆိုရန်၊ message ပို့ရန်၊ စာကြည့်တိုက် icon နဲ့ အခြား icon တွေရှိပါတယ်။ ဖုန်းရဲ့အလယ်ကိုထိပြီး ဘေး အပေါ်၊ အောက်စတဲ့ တစ်ဘက်ဘက်ကို ရွှေ့လိုက်ပါက သက်ဆိုင်ရာ icon ပွင့်လာမှာဖြစ်ပါတယ်။ အခုစာကြည့်တိုက် icon ကတော့ ညာဘက်ခြမ်းမှာရှိ၍၊ ညာဘက်ကိုရွှေ့ပြီး၊ icon ကို ဖွင့်လိုက်ပါက သက်ဆိုင်ရာ icon ရှစ်ခုပိုင်းပေးထားပါသေးတယ်။ ဝတ္ထု၊ နေ့စဉ်သတင်းစာ၊ ကျောင်းစာအုပ်စသည်ဖြင့် ကြိုက်နှစ်သက်ရာ ရွေးချယ်နားဆင်နိုင်ပါတယ်။ စာအုပ်၊ သတင်းစာတွေကို အမြဲတမ်း အသစ်တင်ပေးနေတာကြောင့် ကိုယ်ဖတ်ချင်တဲ့သတင်းစာဖြစ်ဖြစ်၊ စာအုပ်ဖြစ်ဖြစ်၊ ရွေးချယ်ဖတ်နိုင်ပါမယ်။ ထိုကဲ့သို့ RAY ဖုန်းဖြင့် စာဖတ်နိုင်ခြင်း။ (သို့) စာဖတ်သံနားထောင်နိုင်ခြင်းကို ၅ နှစ်အရွယ်ကတည်းက မျက်မမြင်ဘဝရောက်သွားသူ လက်ရှိတွင် အသက်လေးဆယ်ပြည့်တော့မယ့် Karina က ''ကျွန်မဟာ မှာထားတဲ့ စာအုပ်တွေ၊ စီဒီတွေ လာပို့မယ့်အချိန်ကို နဂိုတုန်းက စောင့်ခဲ့ရပါတယ်။ အိမ်ကို လာပို့တဲ့အခါပဲဖြစ်ဖြစ်၊ ကွန်ပျူတာထဲကို ပြန်လည်ထည့်သွင်းတဲ့အခါပဲဖြစ်ဖြစ်၊ စိတ်မောစွာစောင့်ခဲ့ရတာပါ။ ဒီနေ့ ဒီအချိန်မှာတော့ RAY စမတ်ဖုန်းကြောင့် ဘာမှစောင့်စရာ၊လုပ်စရာမလိုတော့ပါဘူး''ဟု ပြောပါတယ်။

အသက် ၁၂ နှစ်အရွယ်ရှိ Yair ဆိုတဲ့ကောင်လေးကတော့ ''အိမ်စာလုပ်ရတာထက် ရေကူးတာကို ကျွန်တော်က ပိုကြိုက်ပါတယ်၊ အခုတော့ ကျွန်တော် ဘယ်သွားသွား ကျွန်တော့်အိတ်ကပ်ထဲမှာ ကျောင်းစာအုပ်တွေ၊ ဝတ္ထုစာအုပ်တွေ ပါရှိနေပါပြီ။ အိမ်မှာပဲဖြစ်ဖြစ်၊ သူငယ်ချင်းတွေနဲ့ပဲဖြစ်ဖြစ်၊ အိမ်စာတွေလုပ်နိုင်ပါပြီ''ဟု ဆိုပါတယ်။ မွေးရာပါမျက်မမြင်ဖြစ်သူ Tomer Agazada ကလည်း ယခုလိုပြောပါတယ်။ ''မျက်မမြင်ရှေ့နေတစ်ဦးဖြစ်တဲ့ ကျွန်တော့်အတွက် ဗဟိုစာကြည့်တိုက်ဟာ ကျွန်တော့်ရဲ့ဘဝမှာ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပါ။ RAY နဲ့ Qualcomm တို့ရဲ့ ကူညီမှုကို ကျေးဇူးတင်ပါတယ်။ ကျွန်တော်သွားလေရာမှာ ကျွန်တော့်ဖုန်းထဲမှာ စာကြည့်တိုက်ဟာ အတူတူပါရှိလာပါတယ်။ နေ့စဉ်သတင်းစာကို ရထားပေါ်မှာ ဖတ်တယ်။ ထူးခြားတဲ့ ဥပဒေဆိုင်ရာ သတင်းအချက်အလက်တွေကိုသာမကဘဲ စာအုပ်တွေပါ ဖတ်ပါတယ်။'' မွေးရာပါမျက်မမြင်တစ်ဦးဖြစ်ပြီး၊ ဆယ်ကျော် သက်အရွယ်မှာ မိခင်ဘဝရောက်ခဲ့သူ Sissy ဆိုသည့် အမျိုးသမီးကလည်း ''နဂိုတုန်းက ကျွန်မသဘောကျသည့် အချက်တွေထဲမှာ ကျွန်မနဲ့ ကျွန်မသား မီးဖိုချောင်ထမင်းစားပွဲမှာ အတူအနားယူတဲ့အခါ ကျွန်မသားက သတင်းစာဖတ်ပြတာ ပါဝင်ပါတယ်။ အခုတော့ ကျွန်မမှာ RAY စမတ် ဖုန်းရှိလာတော့ သားအပိမ့်ယောက်တစ်ချိန်တည်း သတင်းစာဖတ်နိုင်ပါပြီ'' လို့ ဝမ်းသာစွာ ပြောပါတယ်။ Israel နိုင်ငံမှာမျက်မမြင်များ ကောင်းမွန်သည့် ဘဝအနေအထားတွေရရှိအောင်၊ သတင်းအချက်အလက်တွေ ရရှိအောင် ဒီ RAY ဖုန်းကို ထုတ်လုပ်ရာမှာ ပူးပေါင်းပါဝင်ခဲ့တာပါလို့ Qualcomm Israel ရဲ့ GM ဖြစ်သူ Ayal Bar-David က ဆိုပါတယ်။

ကမ္ဘာကျော် အမှတ်တံဆိပ်တစ်ခုဖြစ်သော Samsung ကလည်း မျက်မမြင်များအတွက် အသုံးဝင်စေမယ့် စမတ်ဖုန်းနဲ့ accessories တွေကို ထုတ်လုပ်ပေးလာပါပြီ။ ၂၀၁၄ ခုနှစ်၊ နှစ်စပိုင်းသုံးလလောက်မှာ ဖြစ်ပါတယ်။ ဖုန်းရဲ့ နာမည်ကတော့ Samsung Galaxy Core Advance ပါ။ ဒီဖုန်းမှာ Ultrasonic Cover တပ်ပြီး သုံးရမှာပါ။ ဒီကာဗာက မရင်းနှီးတဲ့ နေရာစိမ်းတွေကို မျက်စိအမြင်အားနည်းသူတွေ သွားလာတဲ့အခါ နှစ်မီတာ အကွာအဝေးအတွင်းမှာ ခလုတ်တိုက်မှုယ် အဟန့်အတားတွေရှိရင် သိရှိအောင် သတိပေးမှာဖြစ်ပါတယ်။ အနည်းငယ်တုန်ခါမှုဖြင့်သော်လည်းကောင်း၊ အသံဖြင့်အချက်ပေး၍သော်လည်းကောင်း၊ အဟန့်အတားတွေရှိတယ်လို့ အသိပေးမှာပါ။ ဖုန်းကာဗာကိုတော့ လက်ထဲမှာကိုင်ပြီး ကိုယ်ခန္ဓာရဲ့ရှေ့မှာထားရှိရပါမယ်၊ ရေဒါစနစ်ကဲ့သို့ အလုပ်လုပ်တာကြောင့် Samsung ရဲ့ ဒီ Ultrasonic Cover ဟာ လူသားတစ်ယောက်ကို လင်းနို့အဖြစ် ပြောင်းလဲပေးလိုက်သလိုပဲလို့ သတ်မှတ်တဲ့သူက သတ်မှတ်ပါတယ်။ ဒီကာဗာဟာ Galaxy Core Advance အတွက် ဓိတ်ဆက်တဲ့ accessories သုံးခုထဲက တစ်ခုဖြစ်ပြီး၊ နောက်နှစ်ခုကတော့ Optical Scan Stand နဲ့ Voice Label တို့ဖြစ်ပါတယ်။ ဖုန်းကို Stand မှာထားပြီး၊ စာရွက်စာတမ်းတွေကို Scan ဖတ်သကဲ့သို့ မှတ်သားပြီး ပြန်လည်ဖတ်ကြားပေးမှာကတော့ Optical Scan Stand ရဲ့ လုပ်ဆောင်မှုဖြစ်ပါတယ်။ Voice Label ကတော့ Core Advance ရဲ့ NFC စနစ်နဲ့ ပူးပေါင်းဆောင်ရွက်ပေးတာပါ။ အသံမှတ်စုအတိုအထွာတွေကို မှတ်သားပေးထား ခြင်းဖြစ်ပါတယ်။ Galaxy Core Advance ရဲ့ ဖုန်းကိုယ်ထည်ပေးစွမ်းနိုင်မှုတွေကတော့ မျက်နှာပြင် အကျယ်အဝန်းဟာ 4.7 inches ရှိပါတယ်။133.3x70.5x9.7mm အရွယ်အစားရှိပြီး၊ 145g အလေးချိန်ရှိကာ၊ CPU အမျိုးအစားကတော့ Dual Core 1.2 GHz ပါ။ RAM 1GB နဲ့ internal Storage 8 GB ထည့်သွင်းပေးထားပြီး၊ SD Card စိုက်မယ်ဆိုရင် 64 GB အထိ လက်ခံနိုင်စွမ်းရှိပါတယ်။ 5MP နဲ့ VGA စွမ်းရည်ရှိသော ကင်မရာနှစ်ခုလည်း ပါရှိပြီး၊ OS အဆင့်အတန်းကတော့ Android 4.2 ဖြစ်ပါတယ်။ အားသွင်းရမယ့် Battery ကတော့ 2000 mAh အမျိုးအ စားပါ။

မိုဘိုင်းဖုန်းနဲ့ တွဲဖက်အသုံးပြုရမယ့်ပစ္စည်းတစ်မျိုးလည်းရှိပါသေးတယ်။ လက်ညှိုးမှာစွပ်၍ အသုံးပြုရမှာဖြစ်ပြီး၊ မျက်စိပါသောလက်စွပ်လို့ အမည် ရတဲ့ MIT Media Lab ရဲ့ Eye Ring ပါ။ ဒီပစ္စည်းလေးမှာ ကင်မရာတပ် ဆင်ပေးထားပြီး၊ ဖုန်းနဲ့ချိတ်ဆက်အသုံးပြုရမှာဖြစ်ကာ၊ အသုံးပြုတဲ့အချိန် မှာ နားကြပ်တပ်ဆင်ရပါမယ်။ လက်စွပ်အရွယ်ထက် တော်တော်ကြီးသော ဒီပစ္စည်းကို လက်ညှိုးမှာစွပ်၍ နားကြပ်ကိုတပ်ပြီး နားကြပ်ကြိုးမှာ ပါသည့်စကားပြောပေါက်မှတစ်ဆင့် မိမိသိလိုသည့်အကြောင်းအရာကို အရင်ပြောဆိုရပါမယ်။ ဥပမာအားဖြင့် ပစ္စည်းတစ်ခုရဲ့ အရောင်ကို သိလိုခြင်း၊ ပစ္စည်းတစ်ခုမှာကပ်ထားသော Code နံပါတ် စက္ကူရှိ ငွေကြေးတန် ဖိုးကို သိလိုခြင်း၊ မိမိလက်ထဲရှိ ပိုက်ဆံစက္ကူဟာ ၁၀ ဒေါ်လာတန်လား၊ ၂၀ ဒေါ်လာတန်လား ဆိုတာ သိလိုခြင်း စသည်ဖြင့် ပြောဆိုထားရမှာပါ။ အသုံးပြုပုံ၊ အလုပ်လုပ်ပုံအဆင့်ဆင့်ကတော့ပစ္စည်း (သို့) စက္ကူကို Eye Ring ရဲ့ ကင်မရာဖြင့် ချိန်ပေးပြီး၊ Eye Ring ကွင်းရဲ့ ဘေးဘက်ရှိခလုတ်ကို လက်မဖြင့်နှိပ်လိုက်ပါက Eye Ring ဟာ ပစ္စည်းရဲ့ ရုပ်ပုံကိုမှတ်သားပြီး ဖုန်းဆီကို wireless နည်းဖြင့် ဘာသာပြန်ပေးမှာ ဖြစ်ပါတယ်။ ထည့်ထားသော ဆော့ဖ်ဝဲဖြင့် ရုပ်ပုံတွေကို ခွဲခြမ်းစိတ်ဖြာပြီး၊ မှတ်သားသွင်းယူပေးထားသော အသံဖြင့် ပြန်လည်ဖြေကြားထောက်ပံ့ပေးထားတာပါ။ ■



# Sudoku

## MobileGuide ဆုဒိုခု ဂိမ်းပြိုင်ပွဲ အမှတ်စဉ် (၄၇)

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | 7 | 3 | | 11 | | 6 | | | 12 | 9 | |
| 4 | 9 | | | 1 | | 3 | | | | 6 | 8 |
| 2 | | | | | 5 | | 9 | | | | 1 |
| | | | 4 | | | | | 9 | | | |
| | | 12 | | | 8 | 10 | | | | 1 | 11 |
| 8 | 11 | | | 12 | | | 2 | | 10 | | |
| | | 9 | | 5 | | | 7 | | | 11 | 6 |
| 5 | 12 | | | | 6 | 1 | | | 3 | | |
| | | | 7 | | | | | 12 | | | |
| 3 | | | | 2 | | 11 | | | | | 4 |
| 6 | 2 | | | | 10 | | 12 | | | 3 | 7 |
| | 10 | 11 | | | 4 | | 6 | | 8 | 2 | |

အမည် ..................................................

နေရပ်လိပ်စာ ..................................................

..................................................

မှတ်ပုံတင်နံပါတ် ..................................................

ဖုန်းနံပါတ် ..................................................

အီးမေးလ် ..................................................

**ဆုဒိုခု ဂိမ်းစည်းမျဉ်းစည်းကမ်းများ**

၁။ အတိုင် (Column) တစ်ခုချင်းစီတွင် ''၁'' မှ ''၁၂'' အထိ ဂဏန်း ၁၂ လုံးကို မထပ်အောင်ထည့်ရပါမည်။ မည်သည့်အစီအစဉ်နှင့်မဆို ထည့်နိုင်ပါသည်။
၂။ အတန်းများ (Row) တွင်လည်း အထက်ပါအတိုင်းထည့်သွားရပါမည်။
၃။ အကွက် ၁၂ ကွက်စီပါသော ဖုန်တစ်ခုချင်းစီအတွင်းတွင်လည်း ဂဏန်း ၁၂ လုံးကို မထပ်အောင် ထည့်ရပါမည်။
၄။ ဤနည်းအတိုင်း အကွက်အားလုံးကို ကုန်အောင်ဖြည့်စွက်ရပါမည်။
၅။ မိတ္တူ (သို့မဟုတ်) အီးမေးလ်ဖြင့်ပေးပို့ခြင်း လက်မခံပါ။

**MobileGuide Information Technology & Lifestyle Journal**
**အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း(ပေါ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉၇၃၁ ၈၇၉၅၄ ၊ ၀၉၄၂၀၀ ၇၇၇၀၀**

ဆုဒိုခုအဖြေလွှာများကို အပတ်စဉ် သောကြာနေ့ ညနေ ၃ နာရီအထိ နောက်ဆုံးထားပြီး Mobile-Guide ဂျာနယ်တိုက်သို့ ပေးပို့ရပါမည်။

အဖြေမှန်ဆုရရှိသူများကို အပတ်စဉ် ထွက်ရှိမည့် Mobile Guide ဂျာနယ်တွင် ဖော်ပြပေးပါမည်။

၁။ အဖြေမှန်သူ ၁ ဦးတည်း ရှိပါက ကုမ္ပဏီများမှ ပေးအပ်ထားသော အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

၂။ အဖြေမှန်သူ တစ်ဦးထက် ပိုပါက ၂ ဦးကို မဲနှိုက်ရွေးချယ်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

SONICGEAR POWERLOGIC
1212 CALL CENTER
MEGA9 Purified Drinking Water
SAAG
OKER®
Transcend®
acer explore beyond limits™
T.LAND
Norton by Symantec
ASUS®

**ဆုဒိုခုဂိမ်းပြိုင်ပွဲအမှတ်စဉ် (၄၆) မဲပေါက်သူများမှာ –ဦးဇော်ဝင်း(၉/မထလ(နိုင်)၀၆၈၅၅၂)၊ထွန်းထွန်းအောင်(၁၂/အစန(နိုင်)၀၀၁၀၆၆) တို့ ဖြစ်ပါသည်။**

*စာမျက်နှာ ၃၄ မှ အဆက်*

Eye Ring ကို ဝတ်ဆိုင်တစ်ခုမှာ အစမ်းသုံးကြည့်ပြီး စမ်းသပ်ထားပါတယ်။ အင်္ကျီအရောင်ရွေးမယ်ဆိုရင် ကွင်းဘေးရှိ ခလုတ်ကိုနှိပ်ပြီး Colour လို့ ပြောဆိုလိုက်ကာ အင်္ကျီအသား ကို EyeRing ရဲ့ ကင်မရာမှန်ဘီလူးဖြင့် ချိန်ပြီးခလုတ်ကိုနှိပ်လိုက်ပါက မီးခိုးရောင်အင်္ကျီဆိုရင် Grey လို့ ပြန်လည်ဖြေကြားပါတယ်။ မိမိပိုက်ဆံ အိတ်ထဲမှ ပိုက်ဆံကိုယူပြီးငွေရှင်းမယ်ဆိုရင် ဘယ်လောက်တန်မှန်းသိအောင်အတွက်ကတော့ ခလုတ်နှိပ်ပြီး currency လို့ ပြောရပါမယ်။ ထို့နောက် ပိုက်ဆံကို Eye Ring ဖြင့် ချိန်ပြီး ခလုတ်နှိပ်လိုက်ရင် ဒေါ်လာ ၂၀ တန်ဆိုရင် 20 Dollars ဆိုပြီး ပြန်အသံပေးပါမယ်။ အင်္ကျီရဲ့တန်ဖိုးကိုသိချင်ရင် tag လို့ ပြောဆိုပြီး ခလုတ်နှိပ်ကာ အင်္ကျီမှာချိတ်ဆွဲထားသောတံဆိပ်ရှိ ကပ်ထားသော code နံပါတ်ကပ်ခွာစက္ကူကို ကင်မရာ မှန်ဘီလူးဖြင့်ချိန်၍ ခလုတ်နှိပ်ပါက မည်မျှဈေးဖြင့်ရောင်းသည်ကို ကြားနိုင်ပါတယ်။ ဥပမာ 27 Dollars ဆိုပြီး ဖြေကြားမှာဖြစ်ပါတယ်။ Colour, Currency စသည်ဖြင့် သိချင်သည်များကို ပြောင်းလဲပြောဆိုရာတွင် ခလုတ်ကို နှစ်ချက်နှိပ်ရပါမယ်။ ပစ္စည်း၏ အရာဝတ္ထုနှင့် ကင်မရာမှန်ဘီလူး အလွန်ဝေးကွာနေပါက ခလုတ် နှိပ်လိုက်လျှင် အကွာအဝေးနီးကပ်ရန်လိုသေးကြောင်း ပြန်ဖြေပါလိမ့်မယ်။

မျက်စိမမြင်သူများအတွက် တစ်နေ့တာလုပ်ငန်းဆောင်တာတွေ အဆင်ပြေစေဖို့ နည်းပညာပစ္စည်းများကို အဆင့်မြင့်စွာ စမ်းသပ်ထုတ်လုပ် လာကြရာ 3D တည်နေရာပြမှုပါဝင်သော မျက်မှန်ကဲ့သို့ ပစ္စည်းများကိုလည်း ပဲရစ်တက္ကသိုလ်ရှိ အင်ဂျင်နီယာများက ကင်မရာ၊ Sensor စနစ်နဲ့ 3D မြေပုံတွေ ထုတ်နိုင်အောင် ကြိုးစားနေပါတယ်။ နည်းပညာပစ္စည်း တွေကြောင့် အလင်းပျောက်နေသူတွေ ပြန်လည်ထွန်းလင်းတာကို ခံစား ရသကဲ့သို့ နည်းပညာပစ္စည်းတွေကို လွန်ကဲစွာအသုံးပြုခြင်းကြောင့်လည်း လင်းလက်နေတဲ့ မျက်စိတွေ အမှောင်ဖုံးသွားနိုင်ပါတယ်။

ဂိမ်း၊ အင်တာနက် မတရားအသုံးပြုတာကြောင့် လူငယ်တွေမျက်စိရောဂါများဖြစ်မှားပြီး ပြည်တွင်းပြည်ပရှိ မျက်စိဆေးခန်း၊ ဆေးရုံများမှာလာရောက်ပြသနေတာကို တွေ့မြင်နိုင်ပါတယ်။ ဆုံးရှုံးပြီးသား မျက်စိတစ်စုံကို ပြန်လည်ကောင်း မွန်လာအောင် ကြိုးစားကုသတာကောင်းပေမယ့်၊ မွေးလာတဲ့အချိန်တုန်းက ကောင်းနေတဲ့ မျက်စိတစ်စုံကိုတော့ မရှောင်လွှဲနိုင်တဲ့ မတော်တဆအခြေအနေတွေကလွဲလို့ နည်းပညာပစ္စည်းတွေကြောင့်တော့ အဆုံးရှုံးမခံသင့်ပါဘူး။

## Smart Computer သကြ်န် Promotion အစီအစဉ်များပြုလုပ်

၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၃ ရက်ဆိုလျှင် မြန်မာနှစ်သစ်ကူး သကြ်န်ပွဲတော်ကြီးကို မြန်မာနိုင်ငံ တစ်ဝန်းလုံး ပါဝင်ဆင်နွှဲကြရတော့မည်ဖြစ်သည်။ ထိုကာလသည် မြန်မာတို့အတွက် နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသောကာလလည်းဖြစ်သည်။

ထိုအတာသကြ်န်ပွဲတော်ကြီးကို လူ့အလွှာတန်းစား အမျိုးမျိုးမှ ပုံစံ အမျိုးမျိုးဖြင့် ပါဝင်ဆင်နွှဲလျက်ရှိကြရာ နည်းပညာဖွံ့ဖြိုးစပြုနေသော ယနေ့မြန်မာနိုင်ငံတွင်လည်း လူထုအသုံးပြုကြလျက်ရှိသော နည်းပညာပစ္စည်းများကို ရောင်းချပေးသည့်ဆိုင်ခန်းများမှလည်း ထိုပွဲတော်ကြီးကိုပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။

ထို ဆိုင် များအထဲ တွင် မှ Notebook, Netbook, Computer, Printer စသည့် IT ပစ္စည်းများကို ရောင်းချပေးလျက် ရှိသော Smart Computer ဆိုင်မှလည်း ပါဝင်ဆင်နွှဲမည်ဖြစ်ကြောင်း သိရသည်။

Smart Computer ဆိုင်သည်ဝယ်ယူအား ပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များကို ကျေးဇူးတုန့်ပြန်သောအားဖြင့် မြန်မာနှစ်သစ်ကူးအထူးဈေး ရောင်းပွဲတော်ကြီးကို ဧပြီလတစ်ရက်နေ့မှစ၍ ရောင်းချပေးနေပြီဖြစ်ကြောင်း သိရသည်။

အထူး အစီအစဉ်အနေဖြင့် Notebook ဝယ်ယူအားပေးသော Customer များအတွက် Cash back ($10) ပြန်အမ်းမည့်အပြင် Notebook Accessories များကိုလည်း ၅၀ ရာခိုင်နှုန်း Discount ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် System ဝယ်ယူအားပေးကြသော Customer များအတွက်လည်း Espon L110 Printer ကို ၅ ရာခိုင်နှုန်း Discount ဖြင့် ရောင်းချပေးသွားမည်ဟု သိရသည်။

စိတ်ပါဝင်စားသူများ အနေဖြင့် Smart Computer Technology ဆိုင်ခန်းများတည်ရှိရာ အမှတ်–၁၅၈၊ ၃၆ လမ်း(အလယ်)၊ အမှတ်–၁၃၃၊ ဆိပ်ကမ်းသာလမ်း(အောက်)။ ရန်ကုန်မြို့နှင့် အမှတ် ၂/၇၊ ၈ လမ်းနှင့် ၉လမ်းကြား၊ ဗိုလ်ချုပ်လမ်း၊ နေပြည်တော်တို့တွင် လေ့လာနိုင် ပြီး ဖုန်း ၀၁–၃၈၉၁၁၂၊ ၀၁–၂၅၃၁၀၅၊ ၀၆၇–၂၁၂၇၆ သို့ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**နေဦးလွင်**

# SHOP VIEW

## OK Mobile




### တည်နေရာ

အမှတ် (၁၂၁)၊ အနော်ရထာလမ်း၊
၄၉ လမ်းနှင့် လမ်း ၅၀ ကြား
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၂၀၁၇၀၀၀

### *OK Mobile ဆိုင်အကြောင်း*

ပင်ရင်းဆိုင်ဖြစ်တဲ့ ဆိုင်အမှတ် (၁) ကို ၂၀၁၂ ခုနှစ်မှာစတင်တည်ထောင်ဖွင့်လှစ်ခဲ့ပါတယ်။ နောက်ဆိုင်ခွဲ ၂ ကို အမှတ် (၃၅၁) မဟာဗန္ဓုလလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၉ လမ်းကြားမှာဖွင့်လှစ်ခဲ့ ပါတယ်။အခုဖွင့်လှစ်လိုက်တာကတော့ ဆိုင်ခွဲအမှတ် (၃)ပါ။ ပင်ရင်းဆိုင်ကိုအမှတ် (၁၂၆)၊ အနော်ရထာလမ်း၊ပန်းဆိုးတန်းလမ်းနှင့် ၃၆ လမ်းကြား၊ကျောက်တံတားမြို့နယ်မှာဖွင့်လှစ်ထားပါတယ်။ နယ်ဆိုင်ခွဲဖွင့်လှစ်ထားခြင်းတော့မရှိပါဘူး။ ဆိုင်ခွဲတွေကိုထပ်မံဖွင့်လှစ်သွားဖို့အစီအစဉ်တွေရှိနေသလို၊ဖွင့်ဖြစ်သွားရင်လည်း ရန်ကုန်မြို့ရဲ့လူစည်ကားရာနေရာတွေဖြစ်တဲ့ လှည်းတန်း၊ မြေနီကုန်း စသည့်နေရာတွေမှာပဲ ဖွင့်လှစ်သွားမှာပါ။

### *OK Mobile မှရောင်းချပေးနေသောဟန်းဆက်အမျိုး အစားများ*

ဆိုင်မှာရောင်းချပေးနေတဲ့ ဟန်းဆက်တွေကတော့ Samsung, Sony, Huawei နဲ့ Vivo ဖုန်းတွေဖြစ်ပြီး၊ တန်ဖိုးနည်းတစ်သောင်းငါးထောင်ထိရှိတဲ့ Samsung, Huawei နှင့် ZTE ဖုန်းတွေလည်း ရောင်းချပေးထားပါတယ်။

### *OK Mobile မှ ဝန်ဆောင်မှုများ*

ဒီဆိုင်မှာ လာဝယ်တဲ့ Customer တွေကို ဖုန်းလာဝယ်ရင်းနဲ့ တစ်ခါတည်း Software တွေ၊ Games တွေ၊ Application တွေကို အခမဲ့ ထည့်သွင်းပေးလိုက်ပါတယ်။ Warranty (အာမခံ)ကိုတော့ ကုမ္ပဏီကပေးတဲ့ ဖုန်းတွေကို Official Warranty အတိုင်း ၁ နှစ်ပေါ့။ ဆိုင်ရဲ့ အပိုဝန်ဆောင်မှုဖြစ်တဲ့ အာမခံ ၆ လ ပေါင်း ၁ နှစ်နဲ့ ၆ လပေးထားပါတယ်။ အာမခံမပါတဲ့ဖုန်းတွေဆိုရင်တော့ ဆိုင်အနေနဲ့ ပေးတဲ့ အာမခံ ၆ လကို ပေးထားပါတယ်။ အာမခံကာလအတွင်း ပျက်စီးမှုဖြစ်ခဲ့ရင် အခမဲ့ပြင်ဆင်ပေးပြီး၊ အာမခံကာလကျော်လွန်သွားမှ ပျက်စီးသွားရင်လည်း လက်ခကို ကျသင့်ငွေရဲ့ ငါးဆယ်ရာနိုင်နှုန်းပဲ ယူထားပါတယ်။

### *OK Mobile မှရောင်းအားအကောင်းဆုံးဖုန်း*

ရောင်းအားအကောင်းဆုံးဖုန်းတွေဆိုရင် Vivo X Play, Samsung Galaxy Grand, Sony XperiaZ, Huawei C8816 တို့ပဲဖြစ်ပါတယ်။



မသန်းသန်းထွန်း
ဆိုင်တာဝန်ခံ

### *OK Mobile မှအရောင်းမြှင့်တင်ရေးအစီအစဉ်*

ဒီလအတွက် ဖုန်းလာဝယ်တဲ့ Customer တွေ PowerBank နားကြပ်၊ ရေစိုခံအိတ်တွေကို လက်ဆောင်အဖြစ် ပေးအပ်သွားပါမယ်။ နောက်ပိုင်းမှာ Sim Card နဲ့ ဟန်းဆက်တွဲပြီးဝယ်တဲ့ Customer တွေကို ငါးထောင်လျှော့ပေးဖို့ စီစဉ်ထားသလို Sim Card တွေ ထွက်လာရင်လည်း Sim Card တွေကို လက်ဆောင်ပေးသွားဖို့ ရှိပါတယ်။

### *OK Mobile မှာဝယ်ယူအားပေးသော Customer များအတွက် ပေးချင်သော Message*

ဝင်ရောက်လေ့လာနိုင်ပါတယ်။ Customer တွေကို သူတို့နဲ့ သင့်လျော်တဲ့ ဟန်းဆက်တွေ၊ ကိုက်ညီမှုရှိတဲ့ ဈေးနှုန်းနဲ့ ဒီကဝန်ထမ်းတွေက ရောင်းချပေးနေပါတယ်။ ဝယ်ပြီးသူတွေကိုလည်း error လိုဖြစ်တဲ့ ပြဿနာမျိုးကို အခမဲ့ပြုပြင်ပေးပါတယ်။ ဝန်ဆောင်မှုက အတူတူပဲဖြစ်လို့ OK Mobile ဆိုင် သုံးဆိုင်စလုံးမှာ လွတ်လပ်စွာနဲ့ ဝယ်ယူလို့ရပါတယ်။

### *OK Mobile မှာ Operator တွေနဲ့ ဆောင်ရွက်နေမှု*

နောက်ပိုင်းဖုန်းဈေးကွက်ကို ဝင်ရောက်လာတော့မယ့် Telenor တို့ Ooredoo တို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်ဖို့ ရှိပါတယ်။ သူတို့ကလည်း လိုသလောက် SimCard တွေကို ရောင်းပေးမယ်လို့ ပြောပါတယ်။ ဒါကြောင့် နှစ်ဦးစလုံးနဲ့ ပူးပေါင်းပြီးဆောင်ရွက်သွားဖို့ ရှိပါတယ်။

### *OK Mobile မှာဝယ်ရင်စိတ်ချရတယ်ဆိုတဲ့အချက်*

Software ပိုင်း၊ Hardware ပိုင်းနဲ့ Service ပိုင်း တွေကို အားလုံးစိတ်ချနိုင်ပါတယ်။

## ဆိုင်ရဲ့တစ်ပတ်အတွင်း အရောင်းရဆုံးဖုန်းများ




**Huawei C8816**
- Network - CDMA 800MHz
- CPU - 1.2 GHz
- Display - 5 inches
- Storage - 4 GB
- OS - Android OS v4.3
- Camera - 8MP

**Sony Xperia -Z**
- Network - GSM
- Display - 5 inches
- CPU - Quad core 1.5GHz
- Storage - up to 64GB
- OS - Android OS v4.1.2
- Camera - 13.1 MP







**Samsung Galaxy Tab-3**
- Network - GSM
- Display - 7 inches
- Storage - up to 32 GB
- Camera - 2 MP
- CPU - 1.2 GHz
- OS - Android OS v4.2

**SYH-G200**
- Network - GSM
- Camera - 2 MP
- Display - 7 inches
- CPU - 800MHz
- Memory- Internal 16GB
- OS - Android OS, v4.0



# GAME

iOS














ဒီတစ်ပတ်တော့ iTunes AppStore ကို ဧပြီလ ၁ ရက်နေ့မှာ အသစ်ဝင်ရောက်လာတဲ့ Skyline Skaters ဆိုတဲ့ အခမဲ့ ဂိမ်းလေးကို ဖော်ပြပေးချင်ပါတယ်။ ဒီဂိမ်းကို Tactile Entertainment က ရေးသားပေးထားတာဖြစ်ပြီး i Device အသုံးပြုသူတွေနဲ့ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်တဲ့ Temple Run လို၊ Subway Surfer လို၊ Minion Rush တို့လို endless runner ဂိမ်းအမျိုးအစား တစ်ခုဖြစ်ပါတယ်။ ဒါပေမယ့်Skyline Skaters ဟာ အရင်ဆော့ကစားဖူးခဲ့တဲ့ ပုံစံတွေထဲက နေခွဲထွက်ထားပြီး Action RPG ဆန်ဆန် ဆော့ကစားရမှာဖြစ်ပါတယ်။ ဒီဂိမ်းမှာ ဆော့ကစားသူဟာ အဆောက်အဦတွေရဲ့ ခေါင်မိုးပေါ်တွေမှာ တစ်ခုနဲ့တစ်ခု ခုန်ပေါက်စီးနင်းရတဲ့ပုံစံမျိုး ဆော့ကစားရမှာဖြစ်ပါတယ်။ အဲဒီလို ပြေးလွှားစီးနင်းနေရင်းနဲ့ coins တွေ စုဆောင်းရမှာဖြစ်သလို အထောက်အကူပြု ပစ္စည်းတွေကိုလည်း ရှာဖွေရမှာဖြစ်ပါတယ်။ ခေါင်မိုးတွေပေါ်မှာ ပြေးလွှားဆော့ကစားနေတဲ့အတွက် ရဲတွေရဲ့ ထပ်ကြပ်မကွာ စောင့်ကြည့်ဖမ်းဆီးခြင်းကိုလည်း ရှောင်ရှားရမှာဖြစ်သလို တခြား အခက်အခဲ အတားအဆီးတွေကိုလည်း ရင်ဆိုင်ကျော်လွှားရမှာဖြစ်ပါတယ်။ မထင်မှတ်ဘဲ ကျရောက်လာမယ့် အန္တရာယ်တွေလည်း တွေ့ကြုံရမှာဖြစ်သလို မိုးမျှော်တိုက်ကြီးတွေ၊ မိုးပျံရထားတွေ အစရှိတဲ့ ရင်သပ်ရှုမောဖွယ်ကောင်းတဲ့ မြင်ကွင်း နေရာတွေကနေ ပါဝင်ဆော့ကစား နိုင်ဦးမှာဖြစ်ပါတယ်။ coins တွေ စုဆောင်းတဲ့ပမာဏဟာ တဖြည်းဖြည်းများပြားလာတဲ့အခါ ဆော့ကစားသူတွေဟာ ဂိမ်းအတွင်း အသုံးပြုရတဲ့ အထူးပြုပစ္စည်းတွေကို တစ်ခုချင်းစီ အဆင့်မြှင့်တင်နိုင်ပါလိမ့်မယ်။ ဒါ့အပြင် စကိတ်စီးနင်း ဆော့ကစားရမယ့် character ပုံစံကိုလည်း Matt, Christy, Barry နဲ့ Mia ဆိုပြီး ၄ မျိုး ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ သူတို့တစ်ယောက်ချင်းစီမှာလည်း မတူညီသော စွမ်းရည်တစ်မျိုးစီ ပိုင်ဆိုင်ထားပြီး မတူညီသောအခက်အခဲတွေကို ကျော်လွှားတဲ့နေရာမှာ အသုံးဝင်စေမှာဖြစ်ပါတယ်။ စီးနင်းအသုံးပြုရတဲ့ Skate Board ကိုလည်း စုဆောင်းရရှိတဲ့ coins အရ မတူညီတဲ့ပုံစံ 25 မျိုးထိ အဆင့်မြှင့်တင် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒီလို ပြောင်းလဲလိုက်တဲ့ Skate Board တစ်ခုချင်းစီမှာလည်း မတူညီတဲ့ အသုံးဝင်မှုတွေ တည်ရှိနေကာ စီးနင်းအသုံးပြုရတဲ့ပုံစံလည်း ကွာခြားသွားမှာဖြစ်ပါတယ်။ Tactile Entertainment ရဲ့ CEO ဖြစ်သူ Asbjoern ကတော့ "ကျွန်တော်တို့ဟာ သန်း ၂၀ ကျော် download ပြုလုပ်ခဲ့ကာ အောင်မြင်ခဲ့တဲ့ Chasing Yello ဂိမ်းကို ဖန်တီးလို့အပြီးမှာ သူ့ထက် ပိုမိုကောင်းမွန်ပြီး အောင်မြင်မှုပိုမိုရရှိနိုင်မယ့် ဂိမ်းတစ်မျိုးကို ဖန်တီးဖို့ ဆန္ဒရှိခဲ့ကြပါတယ်။ အဲဒါ အခု ထုတ်လုပ်လိုက်တဲ့ Skyline Skaters ဂိမ်းပါပဲ။ ဒီဂိမ်းကို နလုံးရောဂါရှိတဲ့သူတွေ၊ ထိတ်လန့်တတ်တဲ့သူတွေ မဆော့မိဖို့ ပြောလိုပါတယ်။ ဘာကြောင့်လဲဆိုတော့ သွေးထွက်သံယိုနဲ့ ကြောက်လန့်စရာကောင်းတဲ့ ဂိမ်းမျိုးမဟုတ်ပေမယ့် သည်းထိတ်ရင်ဖို ရင်တထိတ်ထိတ်နဲ့ ဆော့ကစားရတဲ့ ဂိမ်းဖြစ်လို့ပါ"ဟု Skyline Skaters ဂိမ်းကို ညွှန်းဆိုထားပါတယ်။ ဂိမ်းရဲ့အရွယ်အစားဟာ 58 MB သာရှိပြီး iTunes Store ကနေ အလွယ်တကူ ရယူဆော့ကစားနိုင်ပြီဖြစ်ပါတယ်။

## Console Price

| | |
|---|---|
| PS3 Super Slim + 500GB | - 520,000 |
| Xbox360 Slim 4GB (RGH) | - 410,000 |
| Xbox360 Kinect Sensor | - 130,000 |
| PSP Go (Japan) | - 220,000 |
| PSP-3000 (Japan) | - 190,000 |
| PS Vita (US) | - 300,000 |
| Nintendo Wii (US) | - 280,000 |
| Nintendo Wii U (US) | - 420,000 |
| Nintendo 3DS XL(Original) | - 300,000 |
| Nintendo 3DS XL (Jailbreak) | - 330,000 |
| Nintendo 3DS Gateway Card | - 90,000 |
| PS3 System Version upgrade | - 10,000 |
| Xbox360 LT 3.0 upgrade | - 25,000 |
| Xbox360 RGH Jailbreak Service | - 100,000 |
| Wii modify | - 35,000 |
| Wii U Modify | - 35,000 |
| PS3 Original Controller | - 55,000 |
| Xbox 360 Original Controller | - 55,000 |
| Xbox 360 Original Wired Controller | - 45,000 |
| PC Game Discs | - 1,000 |
| PS3 Game install | - 25,00 |
| Xbox 360 game discs/install | - 25,00 |
| Wii Game Discs | - 2,000 |

*အဆိုပါ video game console နှင့် accessory တန်ဖိုးများကို Game Hive (ဖုန်းနံပါတ် 09 7311 8550, 09 541 7272) မှ ကူညီပါသည်။*

## Local Updates




ယခုအပတ်အတွင်း Video Game ဂိမ်းဈေးကွက်အတွင်းသို့ PC ဂိမ်းသစ် အဖြစ် Total War ROME II ၏ Expansion Campaign အသစ် Total War ROME II Hannibal at the Gates ထွက်ရှိလာပါတယ်။ အဆိုပါ expansion သစ်မှာ သမိုင်းဝင်တိုက်ပွဲနှစ်ခုဖြစ်သော The Battle of Cannae (216BC) နှင့် The Battle of Zama (202BC) တို့အားအခြေခံထားသော ဂိမ်းဖြစ်ပြီး တစ်နှစ်လျှင် အလှည့် ၁၂ လှည့်နှုန်းဖြင့် ရန်သူများအားတိုက်ခိုက်ရမည့် Strategy ဂိမ်းသစ်ဖြစ်ပါတယ်။ အခြား PC ဂိမ်းအဖြစ် Racing ဂိမ်းသစ် MXGP-Motocross Racing နှင့် Sports ဂိမ်းသစ် IHF - Handball Challenge 2014 တို့လည်းဆက်လက်ထွက်ရှိလာပါတယ်။

PS3 ဂိမ်းစက်အတွက် ဂိမ်းသစ်များအဖြစ် AKSystem Works ၏နာမည်ကြီး 2D Fighting ဂိမ်းစီးရီး BlazBlue ၏နောက်ဆုံးထွက် BlazBlue Chronophantasma နှင့်အတူ SEGA ၏ Rhythm ဂိမ်းသစ် Hatsune Miku Project Diva F 2nd ထွက်ရှိလာပြီး သီချင်းစုစုပေါင်း ၄၀ ကျော်နှင့် Difficulty Level လေးမျိုးပါဝင်ကြောင်းသိရှိရပါတယ်။ အဆိုပါဂိမ်းသစ်များကို GAME HIVE ဖုန်းနံပါတ် ၀၉-၇၃၁၁ ၈၅၅၀ နှင့် ၀၉-၅၄၁၀၇၂၇၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရပါတယ်။

## Hot News

### အံ့အားသင့်ဖွယ်ဈေးနှုန်းနဲ့ထွက်ရှိလာတဲ့ Amazon Fire TV streaming device

နာမည်ကျော် ဂိမ်းကုမ္ပဏီဖြစ်တဲ့ Valve ဟာ ကိုယ်ပိုင်ဈေးကွက်၊ ကိုယ်ပိုင် device နဲ့ streaming ခေတ်တစ်ခေတ်ကိုပြောင်းလဲစေခဲ့တဲ့အခါ အခြားသော ထုတ်လုပ်သူများဟာလည်း အလားတူ ဝန်ဆောင်မှုမျိုးကို လိုက်ပါတိုးချဲ့ကာ ယှဉ်ပြိုင်လာခဲ့ကြပါတယ်။ အခုအခါ အွန်လိုင်းအရောင်းအဝယ် ကဏ္ဍမှာ အကြီးမားဆုံးဈေးကွက်ရယူထားနိုင်တဲ့ Amazon ဟာ mobile device တွေ၊ e-reader တွေထုတ်လုပ်တဲ့အပြင် Amazon fire TV ဆိုတဲ့ streaming device အသစ်ကို 99$ နဲ့ ဈေးကွက်ကို တင်ပို့လိုက်ပြီဖြစ်ပါတယ်။ ဂိမ်းဆော့ကစားမယ်ဆိုရင်တော့ သူနဲ့တွဲဖက်အသုံးပြုရမယ့် $ 40 တန် bluetooth game pad ကို ဝယ်ယူရမှာဖြစ်ပါတယ်။ ဒါပေမယ့်အခြားသော ထုတ်လုပ်သူတွေရဲ့ bluetooth controller တွေနဲ့လည်း စိတ်ကြိုက် တွဲဖက်အသုံးပြုနိုင်မှာဖြစ်တဲ့အတွက် အသုံးပြုသူတွေအတွက် ရွေးချယ်ခွင့် ပိုမိုရရှိလာမှာဖြစ်ပါတယ်။



# GAME

## HEARTH STONE

Hearthstone : Heroes of Warcraft ဟာ အခမဲ့ ကစားနိုင်တဲ့ Digital Collectible Card Game ဖြစ်ပါတယ်။ ဒီဂိမ်းကိုတော့ Blizzard Entertainment က Develop လုပ်ထားတာပါ။

### Release Date

ဒီဂိမ်းကို မတ်လ ၂၀၁၃ Penny Arcade Expo မှာစတင်ကြေညာခဲ့ပြီး၊ ဇန်နဝါရီ ၂၀၁၄ မှာ Beta အဖြစ်သတ်မှတ်ခဲ့ကာ Windows နဲ့ OSX တွေကိုတော့လွန်ခဲ့တဲ့လ (မတ်လ) အတွင်းမှာ ဖြန့်ချိခဲ့ပါတယ်။ iOS နဲ့ Android တွေအတွက်လည်းမကြာခင်မှာ ထွက်ရှိလာတော့မှာပါ။



### GamePlay

Hearthstone ဟာ ကတ်ဂိမ်းဖြစ်တာမို့ ကစားသူနှစ်ယောက်ကြားမှာ အလှည့်ကျကစားရမှာပါ။ ဂိမ်းဆာဗာတွေကတော့ Blizzard ရဲ့ Battle.net မှာရှိပါတယ်။ ကစားသူတွေဟာ တစ်ခုနဲ့ တစ်ခု အနည်းငယ်ကွဲပြားတဲ့ game mode တွေနဲ့ ကစားရမှာပါ။ ကစားသူတစ်ယောက်အနေနဲ့ စစချင်းမှာ အခြေခံအကျဆုံးကတ်တွေနဲ့ စကစားရပါမယ်။ နောက်ပိုင်းမှာ ဝယ်ပြီးတော့ပဲဖြစ်ဖြစ်၊ Arena တွေဝင်ကစားပြီးတော့ပဲဖြစ်ဖြစ်ပိုရှားပါးပြီး ပိုကောင်းတဲ့ကတ်တွေကိုရလာပါမယ်။ ကစားသူဟာ သူမလိုချင်တဲ့ ကတ်တွေကို ဖျက်ဆီးပစ်နိုင်ပါတယ်။ အဲဒီလိုလုပ်မယ်ဆိုရင်တော့ arcane dust ဆိုတာကိုရမှာပါ။ ဒီ arcane dust ကိုသုံးပြီးတော့ကတ်အသစ်တွေပြန်ဖန်တီး နိုင်ပါတယ်။ ကတ်ထုတ်တွေဝယ်တာနဲ့၊ Arena တွေကို ဝင်ခွင့်ဟာရွှေတွေနဲ့ ဝယ်ရပါတယ်။ daliy quests တွေ၊ ပြိုင်ပွဲတွေမှာ နိုင်ရင် ရွှေတွေရနိုင်ပါတယ်။ ဒါမှမဟုတ်လည်း Game Store မှာ သွားဝယ်လို့လည်းရပါတယ်။ Heartstone ကိုအဓိကအခြေခံထားတာက Warcraft universe ထဲမှာဖြစ်လို့ ဇာတ်ကောင် အများစုဟာ Warcraft ဇာတ်ကောင်တွေဖြစ်နေပါတယ်။




### ကစားပွဲများ

Hearthstone battle တိုင်းဟာ 1 vs 1 ပြိုင်ပွဲတွေဖြစ်ပြီး ကစားသူနှစ်ယောက် ပါဝင်ကစား နိုင်ပါတယ်။ အလှည့်ကျကစားရမှာဖြစ်ပြီး ကစားသူတွေဟာ သူတို့လက်ထဲမှာရှိနေတဲ့ ကတ်တွေကို သုံးပြီး spell တွေလုပ်တာ၊ Weapons တွေတပ်တာ၊ သူတို့ကိုယ်စားတိုက်ခိုက်မယ့် minions တွေ summoning လုပ်တာတွေ လုပ်နိုင်ပါတယ်။ ဂိမ်းတစ်ခုဟာ လူနှစ်ယောက်ကြားမှာလည်း ကစား နိုင်သလို၊ လူနဲ့ကွန်ပျူတာနဲ့ ကစားရတာမျိုးလည်းဖြစ်နိုင်ပါတယ်။

ကစားသူတိုင်းဟာ Warcraft မှာလိုပဲ သူတို့ကိုင်တဲ့ Hero နဲ့ ကိုယ်စားပြုပါတယ်။ Hero တစ်ယောက်ချင်းစီတိုင်းဟာ သူတို့ကိုယ်ပိုင်အရည်အသွေးရှိပြီး Special Card တွေနဲ့ Hero Power တွေကို အသုံးပြုနိုင်ပါတယ်။ Hero တစ်ယောက်ချင်းစီကို သွေး ၃၀ စီပေးထားပါတယ်။ သုညဖြစ်သွားရင် သေပါတယ်။ အဲဒါဆိုရှုံးပါပြီ။ ဒီအထဲမှာပါတဲ့ Class တွေနဲ့ ဟီးရိုးတွေကိုပြပေးလိုက်ပါတယ်။ Mage (Jaina Proudmoore), Priest (Anduin Wrynn), Warlock (Gul'dan), Paladin (Uther the Lightbringer), Warrior (Garrosh Hellscream), Druid (Malfurion Stormrage), Hunter ( Rexxar), Rogue ( Valeera Sanguinar), နဲ့ Shaman (Thrall) ဆိုပြီးတော့ပါ။ အပြင်မှာက Class ဖြစ်ပြီး ကွင်းစ ကွင်းပိတ်ထဲမှာက hero ပါ။

Turn တစ်ခုစတာနဲ့ ကစားသူဟာ သူ့ကတ်တွေထဲက ကတ်သစ်တစ်ကတ်ကို ထုတ်ရပါမယ်။ ဂိမ်းမစခင်မှာ ကတ်ပေါင်းသုံးဆယ်တိတိရွေးထားရမှာပါ။ ကစားသူအနေနဲ့ အခြေခံအကျဆုံး Pre-assembled 'basic' decks တွေထဲက ကတ်ကိုပဲဖြစ်ဖြစ် သူတို့ဘာသာသူတို့လုပ်ထားတဲ့ custom-made ကတ်တွေထဲကပဲဖြစ်ဖြစ် တစ်ကတ်ကိုရွေးပြီးတော့ စကစားရပါမယ်။ ကတ်တွေထဲက တော်တော်များများဟာ Class တိုင်းမှာရှိတဲ့ hero တွေနဲ့အဆင်ပြေပါတယ်။ တချို့ကတ်တွေကတော့ သူတို့အတွက်သတ်မှတ်ထားတဲ့ Class တွေမှာပဲ အလုပ်လုပ်ပါတယ်။

အလှည့်တစ်လှည့်မှာ ကစားသူတစ်ယောက်စီတိုင်းဟာ သူတို့ကတ်တွေထဲက ဘယ်ကတ်နဲ့ ကစားမယ်၊ ဘယ် hero power ကိုသုံးမယ်၊ target တွေကို တိုက်ခိုက်ဖို့ဘယ် minions တွေကို သုံးမယ်ဆိုတာတွေကို ရွေးချယ်ရပါမယ်။ တကယ်လို့ Hero မှာ Weapon ရှိတယ်ဆိုလည်း hero ကိုသုံးနိုင်ပါတယ်။ ကစားသူအနေနဲ့ ဘာလုပ်ရမယ်ဆိုတာကိုရွေးချယ်ရာမှာ အဓိကစဥ်းစားရမှာက mana ဘယ်လောက်ရှိလဲဆိုတာပါ။ အလှည့်သစ်စတိုင်း mana ကပြန်ပြည့်သွားပါတယ်။ ကစားသူတိုင်းဟာ ဂိမ်းစစချင်းမှာ mana crystals တွေမရှိသေးပါဘူး။ အလှည့်တစ်လှည့်ရင် တစ်ခုရလိုက်နဲ့ ၁၀ ခုအထိ အများဆုံးရနိုင်ပါတယ်။ ကတ်တစ်တိုင်းနဲ့ hero power တစ်ခုတိုင်းဟာ ကစားသူတွေကို mana တွေတိုးချဲ့ပြီး ရယူနိုင်ဖို့ ကြိုးစားရပါတယ်။ ဒါဟာ မဟာဗျူဟာကျ ကစားသူတွေရဲ့ လှုပ်ရှားမှုကို ကန့်သတ်လိုက်တာပါ။ ဒါ့အပြင် mana တွေက နောက်ပိုင်းအလှည့်တွေမှာ ကစားသူတွေကို ပိုပြီး mana ပိုကုန်တဲ့ ကတ်တွေ၊ move တွေနဲ့ abilities တွေကိုသုံးနိုင်စေပါတယ်။ ပွဲတစ်ပွဲမှာ ကစားသူနှစ်ယောက်တည်းက တစ်ယောက်က သွေးကုန်သွားရင်ပဲဖြစ်ဖြစ် အရှုံးပေးရင်ပဲဖြစ်ဖြစ် ပွဲပြီးပါတယ်။ တိုက်ပွဲတွေ ကစားရင် ကစားသူ hero ဟာ experience တွေရပါတယ်။ အနိုင်ရတဲ့သူက ပိုရပါတယ်။ အဲဒါဆိုရင် level 10 နဲ့အထက်ရှိတဲ့ ကတ်တွေပဲဖြစ်ဖြစ် basic card တွေရဲ့ Gold Version တွေကိုပဲဖြစ်ဖြစ် ဆော့နိုင်မှာပါ။

ကစားပွဲတိုင်းကို ကျပန်းသတ်မှတ်ထားတဲ့ ကစားကွင်းတွေမှာ ကစားရတာဖြစ်ပါတယ်။ လတ်တလောမှာ Stormwind, Orgrimmar, Pandaria နဲ့ Stranglethorn ဆိုပြီး ကစားကွင်းလေးခု ရှိတယ်။ သူတို့တစ်ခုချင်းစီမှာ ကိုယ်ပိုင်ဒီဇိုင်း၊ သီးသန့် interactive elements တွေလည်းပါဝင်ပါတယ်။ ဒါပေမယ့် ဒီလိုကစားကွင်းပြောင်းသွားတာက Gameplay ကိုမထိခိုက်ပါဘူး။

### ကတ်များ

ကတ်တွေဟာ Hearthstone မှာ အဓိကပါဝင်သူပါ။ ကစားသူတစ်ယောက်ချင်းစီရဲ့ abilites တွေ၊ ဇာတ်ကောင်တွေ Effect တွေကို ကိုယ်စားပြုပြီး ကစားပွဲတွေယှဉ်ပြိုင်စေတာပါ။ ဂိမ်းထဲမှာ စုစုပေါင်း ကတ် ၃၈၂ ကတ်ရှိပါတယ်။ expansion pack တွေနဲ့ adventure အသစ်တွေထပ်ထွက်လာချိန်မှာ ဒီကတ်တွေ ထပ်တိုးလာဦးမှာပါ။

Arena ကလွဲလို့ game mode အားလုံးမှာ ကစားသူတွေဟာ ကစားပွဲကို ကတ်သုံးဆယ်ပဲရှိတဲ့ ကတ်ထုတ်တစ်ထုတ်နဲ့ ကစားရမှာပါ။ ကစားသူဟာ ပွဲမစခင် သူ့မှာရှိတဲ့ ကတ်တွေထဲက ကတ်သုံးဆယ်ကိုရွေးရမှာဖြစ်ပါတယ်။ ကိုယ်ရွေးထားတဲ့ ကတ်တွေထဲကတစ်မျိုး ကို နှစ်ကတ်ရွေးရမယ်။ legendary ကတ်တွေထဲကဆို တစ်မျိုးတစ်ခုပဲရွေးနိုင်မယ်။ Arena မှာတော့ အဲဒီလို အတားအဆီးမျိုးမရှိပါဘူး။ ကစားသူတွေကို ကျပန်းရွေးပေးနေတဲ့ ကတ်တွေထဲကနေ ရွေးပြီး ကစားရမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ်၊ ကစားသူအနေနဲ့ သူ့ကတ်ကိုတည်ဆောက်မှုဟာ အခရာကျတဲ့ ရွေးချယ်မှုဖြစ်ပါတယ်။ ကစားနေစဉ်မှာ ဘယ်ကတ်၊ ဘယ်ကတ်တွေသုံးမယ်ဆိုတာကိုလဲ စဉ်းစားဖို့လိုပါလိမ့်မယ်။

ကစားသူတွေဟာ စစချင်းမှာ အခြေခံကတ်တွေ အများကြီးကို ရွေးပြီးတော့ ဂိမ်းကို စရပါတယ်။ ကတ်ထုတ်တွေဝယ်ယူရာကနေ ရှားပါးတဲ့ ကတ်တွေကိုရနိုင်သလို Arena မှာအနိုင်ရခြင်းကနေလည်း ရနိုင်ပါတယ်။ ကတ်ထုတ်တွေဝယ်တာ၊ Arena မှာဝင်ပြိုင်တာတွေကို တကယ့်အပြင်က ပိုက်ဆံနဲ့လည်း ဝယ်နိုင်သလို၊ ဂိမ်းထဲက ရွှေနဲ့လည်းဝယ်နိုင်ပါတယ်။ ဒီရွှေကိုတော့ quest တွေလိုက်လုပ်တာ၊ ပြိုင်ပွဲတွေနိုင်တာစတာတွေကနေရနိုင်ပါတယ်။ ကတ်ထုတ်တစ်ခုချင်းစီမှာ ကျပန်းကတ်ငါးကတ်ပါတယ်။ အဲဒီငါးကတ်ထဲမှာ rare ကတ်တစ်ကတ်တော့ အနည်းဆုံးပါတယ်။ ကတ်အသစ်တွေရလာပြီဆိုရင် ကစားသူဟာသူ့နဂိုရှိရင်းကတ်တွေနဲ့ပေါင်းလိုက်ပြီးတော့ ကစားပုံအသစ်တွေ၊ နည်းဗျူဟာအသစ်တွေကို လည်းအသုံးချလာနိုင်ပါတယ်။

ကစားသူတွေဟာသူတို့ကိုယ်ပိုင် ကတ်သစ်တွေကိုလည်းလုပ်နိုင်ပါတယ်။ Arcane dust တွေနဲ့ လုပ်ရမှာပါ။ Arcane dust ကိုဘယ်လိုရမလဲဆိုတော့ Arena တွေမှာဝင်ပြိုင်လို့နိုင်ရင်လည်းရနိုင်သလို၊ ရှိပြီးကတ်တွေထဲက ကိုယ်မလိုချင်တဲ့ ကတ်ကိုဖျက်ဆီးပစ်ခြင်းကနေလည်းရနိုင်ပါတယ်။

သာမန် physical collectible card games တွေမှာလိုပဲ၊ Hearthstone မှာလည်း Golden Card တွေရှိပါတယ်။ ဒီကတ်တွေဟာ သာမန်ကတ်တွေကိုပဲ ပိုကောင်းအောင်လုပ်ထားတာပါ။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ကိုရှာရခက်ပြီး ကိုယ်တိုင်လုပ်မယ်ဆိုရင်လည်း Arcane dust ပိုကုန်ပါတယ်။



# MG FEATURE

## OPPO Family




OPPO ဆိုတာ ဥရောပ၊ မြောက်အမေရိကနဲ့ အာရှတို့မှ သုံးစွဲသူတွေအတွက် ကာလကြာမြင့်စွာ ဝန်ဆောင်ပေးနေခဲ့တဲ့ ကမ္ဘာလုံးဆိုင်ရာ မိုဘိုင်းနည်းပညာအမှတ်တံဆိပ်ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ မိုဘိုင်းဈေးကွက်ကို စတင်ဝင်ရောက်ခဲ့ချိန်ကစပြီး နောက်ဆုံးပေါ်အဆင့်မြင့် နည်းပညာ၊ အမြင့်မားဆုံး အရည်အသွေးနဲ့ အလွယ်ကူဆုံး သုံးစွဲနိုင်တဲ့ မိုဘိုင်းဖုန်းတွေ ကို ထုတ်လုပ်တင်ဆက်ခဲ့ပါတယ်။ ၂၀၁၃ စက်တင်ဘာမှာတော့ oppo ဟာ High-end စမတ်ဖုန်းအသစ်အဖြစ် oppo N1 ကို မိတ်ဆက်ခဲ့ပြီးထူးခြားသော လုပ်ဆောင်ချက်တွေပါဝင်တဲ့ စမတ်ဖုန်းအဖြစ် ပြသနိုင်ခဲ့ပါတယ်။ အခုတစ်ခါ Find စီးရီးမျိုးဆက်သစ် High-end စမတ်ဖုန်းဖြစ်တဲ့ Find 7 ကိုထုတ်လုပ်ကာ ထိပ်တန်းမိုဘိုင်းဖုန်းထုတ်လုပ်သူ စာရင်းကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြင်ဆင်လာခဲ့ပြီဖြစ်ပါတယ်။ OPPO က သုံးစွဲသူတွေအတွက် အဆင့်အမြင့်ဆုံး နည်းပညာတွေ စူးစမ်းရှာဖွေပြီး၊ မိတ်ဆက် ပေးဖို့ အလွန်ဆန္ဒပြင်းပြတဲ့ ကုမ္ပဏီဖြစ်နေတယ်လို့ဆိုပါတယ်။ ၂၀၁၃ နှစ်ဆန်းပိုင်းမှာထုတ်လုပ်လိုက်တဲ့ Finder 5 ကြောင့် oppo ကို ထိပ်တန်း စမတ်ဖုန်းထုတ်လုပ်သူအဖြစ် ပြိုင်ဘက်စမတ်ဖုန်းထုတ်လုပ်သူတွေအကုန်လုံး တစ်ညီတစ်ညွတ်တည်း လက်ခံလိုက်ရပါတော့တယ်။ အခုဆိုရင် တရုတ်နိုင်ငံဝွမ်ဒေါင်း အခြေစိုက် အီလက်ထရောနစ် ကုမ္ပဏီကြီးဖြစ်တဲ့ oppo ဟာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက Find 7ဆိုတဲ့ 4G စမတ်ဖုန်းအသစ်တစ်မျိုးကိုထပ်မံမိတ်ဆက်လိုက်ပြန်ပါတယ်။ ဘယ်လိုနေရမှာ မိတ်ဆက်လိုက်လဲဆိုတော့ ဘေဂျင်းမြို့ရဲ့ D Park ပလာဇာမှာနိုင်ငံတကာကတက်ရောက်လာတဲ့ သတင်းသမားတွေအပါအဝင်၊ မိုဘိုင်းဖုန်းဝါသနာရှင်များနဲ့အီလက်ထရောနစ်သုံးစွဲသူပေါင်း ၇၀၀ကျော်ရှေ့မှောက်မှာ မိတ်ဆက်ခဲ့တယ်လို့ဆိုပါတယ်။ လက်ရှိအချိန်မှာဆိုရင် OPPO ဖုန်းတွေကို ပြည်တွင်းဈေးကွက်မှာလည်း ဝယ်ယူရရှိနိုင်ပြီဖြစ်ပါတယ်။ ဒါကြောင့်OPPO ရဲ့အမှတ်တံဆိပ်တစ်ခုအနေနဲ့ထုတ်လုပ်လိုက်တိုင်းအောင်မြင်မှုရရှိခဲ့တဲ့ ဖုန်းတွေကိုရွေးချယ်ဖော်ပြလိုက်ပါတယ်။

### OPPO Finder

၂၀၁၂ ခုနှစ်မှာဈေးကွက်တောင်းဆိုမှု အလွန်များ ပြားလာတဲ့စမတ်ဖုန်းဈေးကွက် အခြေအနေကိုမှတည်ပြီးတော့ finder ဆိုတဲ့နာမည်နဲ့ စမတ်ဖုန်းကိုစတင်ထုတ်လုပ်ပါတော့တယ်။ မျက်နှာပြင်ပုံဖော်မှုအပိုင်းနဲ့ ကင်မရာပိုင်းကို စတင်ထုတ်လုပ်စဉ်ကတည်းက လုံးဝဦးစားပေးလာခဲ့တာကို finder မှာမြင်တွေ့ရမှာ ဖြစ်ပါတယ်။ Finder ဟာ၄.၃လက်မမျက်နှာပြင်ကို super amoled plus သုံးစွဲထားတဲ့အပြင်217ppi ကြောင့်ပုံရိပ်တွေက ရှင်းလင်းပီသနေမှာပဲဖြစ်ပါတယ်။ Dual-core chip ကိုသုံးစွဲပြီးတော့ဂရပ်ဖစ်အထောက်အပံ့လည်းပါဝင်တာကိုတွေ့ရတယ်။ ကင်မရာပိုင်းကိုလည်း 8MP သုံးစွဲထားပါတယ်။ တခြားကင်မရာရဲ့ထပ်တိုးထောက်ပံ့မှုတွေအနေနဲ့ Dual led flash, panorama,HDR တို့ကိုသုံးစွဲနိုင်မှာဖြစ်ပါ တယ်။ ပရိုဆက်ဆာကတော့ Dual-Core 1.5GHz ကိုထည့်သွင်းတည်ဆောက်ထားပါတယ်။ Android 4.0.4 တစ်ပါတည်း ပါဝင်မှာဖြစ်တာကြောင့် google ဝန်ဆောင်မှုတွေကိုသုံးစွဲနိုင်ပါလိမ့်မယ်။ ၂၀၁၂ ခုနှစ်၊နှစ်လယ်ပိုင်းမှာ ဈေးကွက်တင်ခဲ့တဲ့ oppo Finder က ၆.၆၅ မီလီမီတာ အထူသာရှိတဲ့အတွက် အဲဒီအ ချိန်တုန်းက ကမ္ဘာ့အပါးလွှာဆုံး ဖုန်းတစ်လုံးအဖြစ် စံချိန်ချိုး မှတ်တမ်းတင်ခံခဲ့ရပါတယ်။

### OPPO Find 5

သူတို့ရဲ့ထုတ်လုပ်မှုထဲမှာ အကောင်းဆုံး ဖုန်းအဖြစ်ရပ်တည် နေပြီး ဖုန်းရဲ့အဆင့်တိုင်း၊ ဒီဇိုင်းတိုင်းကို သုံးစွဲသူတွေအဆင်ပြေစေဖို့ဦးတည်ထုတ်လုပ်ခဲ့တာကြောင့် iF Design ဆုကိုရရှိခဲ့တယ်။ ပုံရိပ်ဖော်ကျူးနိုင် စွမ်း 1080p နဲ့သုံးစွဲနိုင်မယ့် မျက်နှာပြင် ငါးလက်မမှာ 441ppi နဲ့အသေးစိတ်မြင်တွေ့ ရမှာဖြစ်ပါတယ်။အကောင်းဆုံးပုံရိပ်အာရုံခံစနစ် (13 megapixel stacked CMOS Sensor) တို့ပါဝင်တဲ့ OPPO ဟာ HDR အဆင့်မြင့် ဓာတ်ပုံရိုက်ကူးပုံဖော်စနစ်ကို အကောင်းဆုံးပံ့ပိုးပေးထားတာကြောင့် ထွက်ရှိလာတဲ့အချိန်တုန်းက ဆိုရင်တော့ပုံဖော်စနစ်အကောင်းဆုံး ကမ္ဘာ့ပထမဦးဆုံး စမတ်ဖုန်းအဖြစ်သတ်မှတ်ခံရပါတယ်။ ဒုတိယကင်မရာငယ်တောင်မှ 1.9MPဖြစ်တာကြောင့် facetime ပြောဆိုမှုတွေကို ကြည်လင်စေမှာ အမှန်ပါ။HDဂိမ်းနဲ့video တွေကိုကြည့်ရှုခံစားနိုင်စေဖို့အတွက်ကလည်း ထောက်ပံ့မှုအနေနဲ့ 1.5GHz quad-core ပရိုဆက်ဆာကိုသုံးစွဲထားပါတယ်။ ဂရပ်ဖစ်ပုံရိပ်ဖော်မှုအတွက်ကတော့ adreno 320ဖြစ်ပါတယ်။ OS ကတော့ android 4.1(JB) ကိုသုံးစွဲနိုင်မှာပါ။ ၂၀၁၂နှစ်ကုန်ပိုင်း မှာ ထုတ်လုပ်ခဲ့တဲ့ OPPO Find 5 ကကမ္ဘာပေါ်မှာ လူသိအ များ ဆုံးနဲ့ လူတွေရဲ့ အလိုချင်ဆုံး စမတ်ဖုန်း တွေထဲမှာ ပါဝင်လာခဲ့ပါတယ်။

### OPPO N1

OPPO က ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလမှာတော့ OPPO N1 ကို ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီဖုန်းဟာ 13 Megapixel ပုံရိပ်အာရုံခံစနစ်ကို သုံးစွဲနိုင်မှာဖြစ်ပြီး LED Flash နှစ်ခုပါဝင်တာကိုတွေ့ရမှာဖြစ်ပါတယ်။ ကင်မရာကလည်း ရှေ့ဘက်ရောနောက်ဘက်ပါသုံးစွဲလို့ရစေဖို့အတွက် 206 ဒီဂရီအထိ ကင်မရာကို လှည့်ပတ်ရိုက်ကူးနိုင်တဲ့ပထမဦးဆုံး စမတ်ဖုန်းအမျိုးအစား ဖြစ်ပါတယ်။ အမှောင်ထဲမှာ ရိုက်ကူးရင်တောင် ပုံရိပ်ထွက်ပြတ်သားတဲ့ ဖုန်းဖြစ်ပြီး။ Facebook စာမျက်နှာအပါအဝင် လူမှုဆက် သွယ်ရေး ကွန်ရက်တွေမှာ ကိုယ့်ကိုယ်ကိုယ် ဓာတ်ပုံလှ လှလေးတွေရိုက်ပြီး တင်လိုသူတွေအတွက် စွဲမက်စရာ ဖုန်းတစ်လုံးအဖြစ်လူကြိုက်များပါတယ်။ ပြီးတော့ OS ကိုလည်း android 4.2ကိုပြန်လည်ဆန်းသစ်တည် ထွင်ထားတဲ့ColorOS ပဲဖြစ်ပါတယ်။ ၎င်းကို find 5 မှာ တုန်းကစတင်သုံးစွဲလာတယ်ဆိုပေမယ့် နောက်ပိုင်းဖုန်းတွေမှာမပါဝင်တော့ဘဲအခု N1 မှာပြန်လည်ဆန်းသစ်ထားတာဖြစ်ပါတယ်။ မျက်နှာပြင်မှာတော့ full HD ဖြစ်ပြီး 5.9inch ကိုမြင်တွေ့ခံစားရမှာဖြစ်ပါတယ်။ 1.7GHz Quad-core ကို သုံးစွဲထားတာကြောင့် ဂိမ်းတွေ Movie တွေကို အကောင်းဆုံးဆော့ကစားနိုင်ပါလိမ့်မယ်။ ဘက်ထရီကတော့ 3610mAh ကိုသုံးစွဲနိုင်မှာဖြစ်ပြီး အချိန်အတော်များများအသုံးပြုနိုင်ပါလိမ့်မယ်။

### OPPO Find 7

နောက်ဆုံးထုတ်လုပ်လိုက်တဲ့ Find 7 ကတော့ မိုဘိုင်းဖုန်း နည်းပညာနယ်ပယ်မှာ ဆန်းသစ်မှုအရှိဆုံးနဲ့ အကောင်းဆုံး နည်းပညာတွေကိုသုံးစွဲထားပါတယ်။ ပုံရိပ်ပြတ်သားမှု ထင်ရှားအားကောင်းတဲ့ ၅ လက်မခွဲအကျယ် အဆင့်မြင့် Quad HD ဖန်သားပြင်၊ ပုံရိပ်ထွက် အဆင့်မြင့်ကောင်းမွန်မှုနဲ့အတူအမြန်ဆုံးဘက်ထရီအားသွင်းစနစ်တို့ ပါဝင်တယ်။ Video ရိုက်ကူးမယ်ဆိုရင်လည်း 4K resolution အဆင့်ရိုက်ကူးနိုင်မှာဖြစ်ပြီး HDR စနစ်လည်း တစ်ပြိုင်တည်းအသုံးပြုနိုင်ပါလိမ့်မယ်။ ရုပ်ပုံအ ရည်အသွေးကို 50 Megapixel အထိ တိုးမြှင့်ပေးနိုင်တဲ့ စနစ်ကိုလည်းထည့်သွင်းပေးထားပါတယ်။ ဒါကြောင့်ဓာတ်ပုံတွေကိုရိုက်ကူးပေးတဲ့အခါတိုင်း ပြည့်စုံကောင်းမွန်တဲ့ ပုံရိပ်ဖော်ကျူးမှုကိုရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင်ထိတွေ့မှုကိုအကောင်းဆုံးအာရုံခံပေးနိုင်တဲ့ Touch-on-Lens နည်းပညာကိုလည်းသုံးစွဲထားပါသေးတယ်။ ထိပ်တန်းစမတ်ဖုန်းတစ်လုံးအဖြစ်ရပ်တည်နိုင်ဖို့အတွက်ထည့်သွင်းတည်ဆောက်ထားတဲ့ Hardware အဆင့်အတန်းဟာလည်း အဆင့်မြင့်ခေတ်မီရမှာဖြစ်ပါတယ်။ Find 7 မှာ ထည့်သွင်းထားတဲ့ hardware တွေကတော့ Snap-dragon 801 MSM8974AC Soc ပေါ်မှာ 2.5 GHz CPU, RAM 3G နဲ့ 32 GB storage၊ Adreno 330 GPU အပြင် 3000 mAh အစရှိတဲ့ အရည်အသွေးမီ hardware တွေကိုအသုံးပြုထားတဲ့အတွက် ဈေးကွက်ထဲမှာဦးဆောင်နေတဲ့ထိပ်တန်း စမတ်ဖုန်းတွေကို ကောင်းကောင်း ယှဉ်ပြိုင်နိုင်စွမ်းရှိမှာဖြစ်ပါတယ်။



# MG FEATURE

## G700 Family

Huawei လို့ ဆိုလိုက်တာနဲ့ မိုဘိုင်းဖုန်း အသုံးပြုသူအများစုနဲ့ ရင်းနှီးပြီးသား နာမည်တစ်ခု ဖြစ်မယ်ဆိုတာ အသေအချာပါပဲ။ ဆက်သွယ်ရေး ကွန်ရက်ဆိုင်ရာ နည်းပညာပစ္စည်းတွေ၊ အထိုင်ဖုန်းတွေ၊ keypad ဖုန်းတွေအပြင် စမတ်ဖုန်းအမျိုးအစား အစုံအလင်နဲ့ ဆက်စပ်အသုံးပြုရမယ့် ပစ္စည်းတွေ တင်သွင်းရောင်းချနေတဲ့အတွက် ဈေးကွက်မှာ လူသိများ ရေပန်းစားလှပါတယ်။ ဒါ့အပြင် ဈေးနှုန်း သင့်တင့်ပြီး အရည်အသွေးကောင်းမွန်တာကြောင့် ဈေးကွက်မှာ ဝေစုအများဆုံး ရရှိထားပြီး တိုးတက်မြင့်မားလာတဲ့ နည်းပညာနဲ့အညီ ခေတ်မီဆန်းသစ်တဲ့ Huawei စမတ်ဖုန်းတွေကိုလည်း ဈေးကွက်ထဲမှာ အဆက်မပြတ် မြင်တွေ့နေကြရပါတယ်။ အထူးသဖြင့် မျက်နှာပြင်အရွယ်အစားကြီးမားတဲ့ စမတ်ဖုန်းတွေ ရေပန်းစားလာတဲ့ အချိန်မှာ ဈေးကွက်ရဲ့လိုအပ်ချက်နဲ့ကိုက်ညီမယ့် အရွယ်အစားကြီးမားတဲ့ဖုန်းတွေကို ထုတ်လုပ်ခဲ့ပါတယ်။ အဲဒီလို ထုတ်လုပ်ခဲ့တဲ့အထဲက G700 family ဟာ မျက်နှာပြင်အရွယ်အစားကြီးမားပြီး မြန်ဆန်တဲ့ဖုန်းအမျိုးအစားတွေအဖြစ် ဈေးကွက်ထဲကို ဝင်ရောက်လာခဲ့ကြပါတယ်။





### G700

မျက်နှာပြင်အရွယ်အစား 5.0" မှာ 1280x720 pixels အရည်အသွေးရှိပါတယ်။ pixels သိပ်သည်းဆ အနေနဲ့ 294 ppi ရှိပြီး IPS LCD Display အမျိုးအစားဖြစ်ပါတယ်။ 2G, 3G Network တွေမှာ အသုံးပြုနိုင်ပြီး Dual SIM (Mini-SIM, dual stand-by) ဖြစ်ပါတယ်။ အချက်အလက်သိမ်းဆည်းမှုအတွက် 8 GB ပါဝင်ကာ micro SD ကနေ 32 GB ထိ တိုးမြှင့်နိုင်ပါတယ်။ Quad-core 1.2 GHz Cortex-A7 နဲ့အတူ RAM 2 GB အသုံးပြုထားတဲ့အတွက် အမြန်က မြင့်မားလှပါတယ်။ ကင်မရာ အနေနဲ့ back camera 8 MP ၊ front camera 1.3 MP ပါဝင်ပြီး 1080 p အရည်အသွေးရှိတဲ့ HD Video တွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ Android 4.2 Jelly Bean ကို အသုံးပြုထားပြီး Huawei ရဲ့ ကိုယ်ပိုင် Emotion UI ပါဝင်မှာဖြစ်ပါတယ်။ ကြိုးမဲ့ချိတ်ဆက်မှု အဖြစ် WiFi-802.11 b/g/n, HSDPA 42.2Mbps, HSUPA 5.76 Mbps နဲ့အတူ Bluetooth 4.0 လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီခံနိုင်ရည်အား 2150 mAh ရှိပြီး ဖုန်းရဲ့ အလေးချိန်ဟာ 155 g ရှိမှာဖြစ်ပါတယ်။

### G730-U00

Quad-core 1.3 GHz Cortex-A7 နဲ့အတူ RAM 1 GB အသုံးပြုထားပြီး လျင်မြန်တဲ့ဖုန်း တစ်လုံးဖြစ်ပါတယ်။ Android 4.2.2 Jelly Bean ကို အသုံးပြုထားပြီး Huawei ရဲ့ ကိုယ်ပိုင် Emotion UI ပါဝင်မှာဖြစ်ပါတယ်။ မျက်နှာပြင်အရွယ်အစား 5.5" မှာ 960x540 pixels အရည်အသွေးရှိပါတယ်။ pixels သိပ်သည်းဆ အနေနဲ့ 200 ppi ရှိပြီး Capacitive Multi Touch Display အမျိုးအစားဖြစ်ပါ တယ်။ 2G, 3G Network တွေမှာ အသုံးပြုနိုင်ပြီး GSM, WCDMA အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အချက် အလက်သိမ်းဆည်းမှုအတွက် 4 GB ပါဝင်ကာ micro SD ကနေ 64 GB ထိ တိုးမြှင့်နိုင်ပါတယ်။ ကင်မရာကတော့ back camera 5 MP၊ front camera 0.3 MP ပါဝင်ပြီး 1280 p အရည်အသွေးရှိတဲ့ HD Video တွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ကြိုးမဲ့ချိတ်ဆက်မှု အဖြစ် WiFi-802.11 b/g/n အတူ Bluetooth 4.0 လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Mali-450MP2 GPU အသုံးပြုထားတာကြောင့် မျက်နှာပြင်ကြီးကြီးနဲ့ ဂိမ်းဆော့ချင် သူတွေအဖို့ အဆင်ပြေစေမှာဖြစ်ပါတယ်။ ဘက်ထရီခံနိုင်ရည်အား 2300 mAh ရှိပြီး ဖုန်းရဲ့ အလေးချိန်ဟာ 170 g ရှိမှာဖြစ်ပါတယ်။



### G740

တန်ဖိုး သင့်တင့်ပြီး ကောင်းမွန်တဲ့ 4G ဖုန်းတစ်လုံး ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ G740 ကို ရွေးချယ်ရမှာ ဖြစ်ပါတယ်။ မျက်နှာပြင်အရည်အသွေး 1280x720 pixels ရဲ့ အရွယ်အစား 5.0" ရှိပါတယ်။ pixels သိပ်သည်းဆအနေနဲ့ 294 ppi ရှိပြီး IPS LCD Display အမျိုးအစားဖြစ်ပါတယ်။ 2G, 3G Network တွေမှာ အသုံးပြုနိုင်တဲ့အပြင် 4G Network မှာပါ အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ အချက်အလက်သိမ်းဆည်းမှုအတွက် 8 GB ပါဝင်ကာ micro SD ကနေ 32 GB ထိ တိုးမြှင့်နိုင်ပါတယ်။ Snapdragon 400 MSM8930 SoC ကို dual-core 1.2 GHz နဲ့အတူ RAM 1 GB အသုံးပြုထားတဲ့အတွက် လုပ်ငန်းဆောင်တာ အများအပြားကို တစ်ပြိုင်နက် ပြုလုပ်နိုင်ပါလိမ့်မယ်။ ကင်မရာ အနေနဲ့ back camera 8 MP ၊ front camera 1.0 MP ပါဝင်ပြီး ဗွီဒီယိုရိုက်ကူးမှုမှာတော့ 1080 p အရည်အသွေး ရှိတဲ့ HD Video တွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ Android 4.1.2 Jelly Bean ကို အသုံးပြုထားပြီး Huawei ရဲ့ ကိုယ်ပိုင် Emotion UI ပါဝင်မှာဖြစ်ပါတယ်။ ကြိုးမဲ့ချိတ်ဆက်မှု အဖြစ် WiFi-802.11 b/g/n, HSDPA 42.2Mbps, HSUPA 5.76 Mbps, LTE, Cat3 နဲ့အတူ Bluetooth 4.0, A2DP, EDR စနစ်လည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီခံနိုင်ရည်အား 2400 mAh ရှိပြီး 150 g သာ အလေးချိန်ရှိမှာ ဖြစ်ပါတယ်။

### G750

Hardware အဆင့်အတန်းမြင့်မားပြီး မြန်နှုန်းမြင့်မားတဲ့ စမတ်ဖုန်းတစ်လုံးကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ G750 ဟာ အသင့်တော်ဆုံးဖြစ်ပါလိမ့်မယ်။

Mediatak MT6592 SoC ပေါ်မှာ Octa-core 1.7 GHz CPU ကိုအသုံးပြုထားပြီး RAM ပမာဏက 2 GB ပါဝင်မှာဖြစ်ပါတယ်။ HD movie တွေပဲကြည့်ကြည့် HD ဂိမ်းတွေပဲ ဆော့ဆော့ အထေ့အငေါ့မရှိ ချောမွေ့စေမှာ ဖြစ်ပါတယ်။ မျက်နှာပြင်အရည်အသွေး 1280x720 pixels နဲ့ အရွယ်အစား 5.5" ရှိတဲ့အတွက် အရွယ်အစားကြီးမားတဲ့ ဖုန်းဖြစ်ပါတယ်။ pixels သိပ်သည်းဆ အနေနဲ့ 267 ppi ရှိပြီး IPS LCD Display အမျိုးအစားဖြစ်ပါတယ်။ 2G, 3G Network တွေနဲ့ အဆင်ပြေပြေ အသုံးပြုနိုင်မှာဖြစ်ပြီး Dual SIM (Mini-SIM, dual stand-by) အမျိုးအစား ဖြစ်ပါတယ်။ အချက်အလက်သိမ်းဆည်းမှုအတွက်လည်း 16 GB built-in ပါဝင်ကာ လိုအပ်ခဲ့ရင် 64 GB အထိ micro SD ကနေ တိုးမြှင့်နိုင်မှာဖြစ်ပါတယ်။ ကင်မရာ အနေနဲ့ back camera 13 MP ၊ front camera 5.0 MP ပါဝင်တဲ့အတွက် ကင်မရာအရည်အသွေးကောင်းမွန်တဲ့ဖုန်းတစ်လုံး ဖြစ်ပါတယ်။ HDR စနစ်လည်းအသုံးပြုနိုင်မှာဖြစ်သလို 1080 p အရည်အသွေးရှိတဲ့ HD Video တွေ လည်း ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ Android 4.2.2 Jelly Bean ကို အသုံးပြုထားပြီး Huawei ရဲ့ ကိုယ်ပိုင် Emotion UI ပါဝင်မှာဖြစ်ပါတယ်။ ဘက်ထရီခံနိုင်ရည်အား 3000 mAh ရှိပြီး အလေးချိန် 162 g ရှိမှာ ဖြစ်ပါတယ်။



# စကြဝဠာကြီး၏ လျှို့ဝှက်ချက်များ

## စကြဝဠာကြီး၏ သက်တမ်း

ပြီးခဲ့သည့် ရာစုနှစ်အတွင်း နက္ခတ်ပညာရှင်များသည် စကြဝဠာကြီး၏ သက်တမ်းကို နည်းလမ်းပေါင်းစုံဖြင့် ခန့်မှန်းခဲ့ကြသော်လည်း သေချာသည် မဟုတ်ချေ။ စစချင်းတွင် စကြဝဠာပြန့်ကားထွက်နေသောနှုန်းကို တွက်ချက်သည့် Hubble constant ကို သုံးကာ ခန့်မှန်းခဲ့သည်။ Hubble constant ကို ရှာဖွေရန် နက္ခတ်ပညာရှင်များသည် အဝေးရှိ စကြဝဠာများကို လေ့လာတိုင်းထွာမှုများ ပြုလုပ်ခဲ့ကြသည်။ သို့ရာတွင် ပြဿနာမှာ Hubble constant ကို ရရှိရန် စကြဝဠာ၏ သိပ်သည်းဆ၊ ပါဝင်မှုတို့ကို မှန်းဆတွက်ချက်ထားရာ ကိန်းသေတန်ဖိုးမှာ အမျိုးမျိုးဖြစ်လျက်ရှိသည်။ အခြားနည်းလမ်းတစ်ခုမှာ စကြဝဠာအတွင်းရှိသက်တမ်းအရင့်ဆုံးအရာအား ရှာဖွေတိုင်းတာရန်ဖြစ်သည်။ ရေဒီယိုသတ္တုကြွဒြပ်စင်များ၏ ပျက်စီးမှုကိုတိုင်းတာပြီး ကမ္ဘာပေါ်ရှိ သက်တမ်းအရင့်ဆုံး ကျောက်သားမှာ သက်တမ်းနှစ်ပေါင်း ၃ . ၈ ဘီလီယံနှင့် ဉက္ကာခဲများမှ သက်တမ်းအများဆုံးမှာ နှစ်ပေါင်း ၄ . ၆ ဘီလီယံရှိကြောင်း သိနိုင်ခဲ့သည်။ သို့ရာတွင် နဂါးငွေ့တန်းအတွင်းရှိ ဓာတ်ငွေ့များနှင့် ကြယ်များကို ထိုနည်းဖြင့် တိုင်းတာရာတွင် တိကျမှုလျော့ကျခဲ့ပြီး၊ သက်တမ်းနှစ်ပေါင်း ၁၂-၁၅ ဘီလီယံ ရှိမည်ဟု မှန်းဆနိုင်ခဲ့သည်။ ၂၀၀၃ တွင် WMAP (Wilkinson Microwave Anistropy Probe) ကို လွှတ်တင်ခဲ့ပြီးမှ ခန့်မှန်းမှုများအား အဆုံးသတ်နိုင်ခဲ့သည်။ Microwave များကို ဂရုတစိုက် တွက်ချက်ခြင်းဖြင့် နက္ခတ်ပညာရှင်များသည် စကြဝဠာ၏ သက်တမ်းအား နှစ်ပေါင်း ၁၃ . ၇ ဘီလီယံရှိပြီဟု တွက်ဆနိုင်ခဲ့ပြီး မှားယွင်းမှု ၁ ရာခိုင်နှုန်းထက် ပိုမရှိနိုင်သော အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။

## လျှို့ဝှက်လှသော Dark matter

လေ့လာမှုများအရ စကြဝဠာကြီးသည် မမြင်နိုင်သော အရာများစွာဖြင့် ဖွဲ့စည်းထားသည်ကို သိရှိလာရပြီး ထိုအရာအား "Dark matter"ဟု ခေါ် သည်။ Dark matter အား ၁၉၃၀ တွင် ဂျန်အော့မှ တင်ပြခဲ့ပြီး မြင်ရသောအရာများထက် မမြင်နိုင်သော dark matter က ၃ ဆပိုများမည်ဟု ခန့်မှန်း ခဲ့သည်။ နောက်ပိုင်းတွင် စကြဝဠာလည်ပတ်ပုံကို လေ့လာပြီး ပိုမိုခိုင်မာသော သက်သေများရလာခဲ့သည်။ စကြဝဠာ အစုအဝေးများကို လေ့လာခြင်းဖြင့် လည်း dark matter နှင့် ပတ်သက်သော သက်သေများရခဲ့သည်။ ၁၉၃၀ မှာပင် ကိုမာစကြဝဠာအစုအဝေး၌ drak matter များ စုဝေးနေကြောင်း ခန့်မှန်း နိုင်ခဲ့သည်။ Dark matter သည် ယနေ့ခေတ်အထိ သိရခက်သော အရာဖြစ်ခဲ့ပြီး ၉၀ ရာခိုင်နှုန်းခန့်သော စကြဝဠာအတွင်းရှိ အရာတိုင်း၌ ပါဝင်နေသည်ဟု ခန့်မှန်းထားသည်။ ဖြစ်နိုင်ခြေရှိသည်မှာ ကြီးမား၍ နှေးကွေးစွာသွားသော အမှုန်တစ်မျိုးဟု ယူဆကြသည်။ သို့သော် ယနေ့အထိ dark matter အား ကျနစွာ ရှင်းပြနိုင်ခြင်းမရှိပေ။

## စကြဝဠာအတွင်းရှိ အခြားသောသက်ရှိများ

ယနေ့ထိ စကြဝဠာအတွင်း အခြားဂြိုဟ်များ၌ သက်ရှိ ရှိ မရှိကို တိုက်ရိုက်လေ့လာနိုင်သော နည်းပညာမရှိသေးပေ။ သို့ရာတွင် ကမ္ဘာနှင့် ဆင်သည့် ဂြိုဟ်များကိုမူ ပို၍ရှာဖွေနိုင်လာခဲ့သည်။ အခြားဂြိုဟ်များတွင် သက်ရှိများရှိ၊ မရှိဆိုသည့် မေးခွန်းသည် "သက်ရှိဆိုသည်မှာ အဘယ်နည်း" ဟူသည့် မေးခွန်းဖြင့် စတင်ဆုံးဖြတ်ရမည်ဖြစ်သည်။ သက်ရှိဆိုသည်မှာ cells များဖြင့် ပြုလုပ်ထားပြီး၊ စွမ်းအင်ချေဖျက်ခြင်း၊ အပိုစွမ်းအင်ကို စွန့်ထုတ်ခြင်း၊ မျိုးပွားရန် genes ကို လက်ဆင့်ကမ်းနိုင်ခြင်းဟူသော လုပ်ငန်းသုံးရပ်အား လုပ်ဆောင်နိုင်ရသည်။ ဆင့်ကဲတိုးတက်မှုရှိပြီး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ နေထိုင်နိုင်ရသည်။ ကျွန်ုပ်တို့လူသားများသည် စကြဝဠာကြီးမှ အခြေခံကာ မွေးဖွားလာကြသည်။ ခန္ဓာကိုယ်ကို တည်ဆောက်ထားသော မော်လီကျူးများသည် နေမှ စွမ်းအင်ကို အခြေခံကာ တည်ဆောက်ထားခြင်းဖြစ်သည်။ သို့သော် အခြားဂြိုဟ်များမှ သက်ရှိများသည် ကျွန်ုပ်တို့နှင့် များစွာကွဲပြားမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ သက်ရှိများသည် ဘက်တီးရီးယားအပါအဝင် သေးငယ်လှသော အကောင်လေးများမှ အခြေခံဖြစ်ပေါ်လာသည်။ သက်ရှိရှိနိုင်သော ဂြိုဟ်ပေါင်း ၁၀၀၀ ကို လေ့လာလျှင်ပင် microbes များကိုသာ တွေ့ရဖို့ရှိသည်။ သို့သော် နဂါးငွေ့တန်းအတွင်း၌ပင် ကြယ်ပေါင်း ဘီလီယံ ၂၀၀ ထိရှိနေပြီး၊ စကြဝဠာကြီးအတွင်း၌ galaxy ပေါင်း ၁၂၅ ဘီလီယံထိရှိနေရာ ဂြိုဟ်သားများရှိဖို့ ကိစ္စသည် လွန်စွာဖြစ်နိုင်ခြေများပြားလှသည်။



## ကမ္ဘာပျက်ချိန်

ကမ္ဘာပေါ်ရှိ သက်ရှိများသည် အမြဲတည်ရှိနေမည် မဟုတ်ဘဲ တစ်ချိန်တွင် မမြဲသော သဘောတရားအရ ပျောက်ကွယ်သွားရမည်ဖြစ်ကြောင်း အားလုံးလိုလိုနားလည်ထားကြသည်။ အတိအကျဆိုရလျှင် နေသည်သက်တမ်း နှစ်ပေါင်း ၄ . ၆ ဘီလီယံရှိပြီဖြစ်ပြီး၊ သက်တမ်းတစ်ဝက် ရောက်နေပြီဖြစ်သည်။ သို့သော် ကမ္ဘာပေါ်ရှိ သက်ရှိများသည် ကျန်နှစ်ပေါင်း ၅ ဘီလီယံလုံး အသက်ရှင်နေနိုင်မည်ဟု ယူဆ၍ မရချေ။ အစောဆုံး ဘက်တီးရီးယားများသည် လွန်ခဲ့သော နှစ်ပေါင်း ၃. ၅ ဘီလီယံမှ စတင်ပေါ်ပေါက်ခဲ့ပြီး၊ ၎င်း blue green algae များသည် ပုံမှန်ထက် ကြီးမားရာ ကျောက်ဖြစ်ရုပ်ကြွင်းများ ကျန်ရစ်သဖြင့် သက်တမ်းတွက်စစ်နိုင်ကြသည်။ ထို့ကြောင့် နောက်ထပ် နှစ်ပေါင်း ၃ . ၅ ဘီလီယံ ထပ်မံရှိနေနိုင်မည်ဟုလည်း မတွက်နိုင်ချေ။ လူသားများသည် ကမ္ဘာပေါ်တွင် ရှိသည့် အကြမ်းခံသော သက်ရှိများစာရင်းတွင် လုံးဝမပါဝင်ပေ။ အနာဂတ်တွင် နေမှဓာတ်ရောင်ခြည်များ ပိုများကာ ပိုပူလာမည်ဖြစ်ပြီး၊ ကာဗွန်ဒိုင်အောက် ဆိုက်များ လျော့ကျကာ၊ ရေများခုံးရှုံးမှု သမုဒ္ဒရာများ ခန်းခြောက်မှုဖြစ်ပေါ်လာမည်ဖြစ်သည်။ ရေများအာကာသထဲ အငွေ့ပျံသွားချိန်သည် ကမ္ဘာပေါ်ရှိ သက်ရှိများအတွက် နောက်ဆုံးနေ့ပင်ဖြစ်သည်။ ထိုအဖြစ်အပျက်သည် နှစ်ပေါင်း ၂ . ၅ ဘီလီယံအတွင်း ဖြစ်မည်ဖြစ်သော်လည်း သမုဒ္ဒရာများသည် အနာဂတ်နှစ် ၁ ဘီလီယံ၌ပင် ကျန်ရှိတော့မည်မဟုတ်ပေ။ နှစ်ပေါင်း ၁ ဘီလီယံအတွင်း၌ပင် အပူချိန်သည်လည်း သက်ရှိအများစုအတွက် ပူလွန်းလာမည်ဖြစ်သည်။ သက်ရှိများသည် လွန်ခဲ့သော နှစ်ပေါင်း ၃ . ၅ ဘီလီယံတွင်ဖြစ်ပေါ်ခဲ့ပါက သက်ရှိတို့၏ သမိုင်းကြောင်းသည် ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေခဲ့ပြီဖြစ်သည်။ ■




NOKIA
Thingyan Promotion
3rd - 30th April
သင်ချစ်ရတဲ့သူနှင့်ဆက်သွယ်ရန် နိုကီယာမှလက်ဆောင်ပေးသော ငွေဖြည့်ကဒ်များနှင့်ဆက်သွယ်လိုက်ပါ။
LUMIA 1020
- 4.5" Touch Screen
- Windows Phone 8
- 2 GB Ram
- 1.5 GHz Dual Core
- 41 MP & 1.2 MP
770,000 Ks
10000 Ks Top up card + Camera Pouch Free
LUMIA 925
- 4.5" Touch Screen
- Windows Phone 8
- 1 GB Ram
- 1.5 GHz Dual Core
- 8 MP & 1.3 MP
550,000 Ks
Wireless Charging Cover + 5000 Ks Top up card Free
LUMIA 920
- 4.5" Touch Screen
- Windows Phone 8
- 1 GB Ram
- 1.5 GHz Dual Core
- 8 MP & 1.3 MP
530,000 Ks
Shell Cover + 5000 Ks Top up card Free
LUMIA 820
- 4.3" Touch Screen
- Windows Phone 8
- 1 GB Ram
- 1.5 GHz Dual Core
- 8 MP & VGA
370,000 Ks
Shell Cover + 5000 Ks Top up card Free
LUMIA 720
- 4.3" Touch Screen
- Windows Phone 8
- 512 MB Ram
- 1 GHz Dual Core
- 6.1 MP & 1.3 MP
320,000 Ks
Wireless Charging Cover + 5000 Ks Top up card Free
LUMIA 520
- 4" Touch Screen
- Windows Phone 8
- 512 MB Ram
- 1 GHz Dual Core
- 5 MP
175,000 Ks
Shell Cover + 5000 Ks Top up card Free
ASHA 311
- 3.0" Touch Screen
- 140 MB Ram
- 1 GHz
- 3 MP
125,000 Ks
Soft Cover + 5000 Ks Top up card Free
ASHA 310
- 3.0" Touch Screen
- 128 MB Ram
- 2 MP
99,000 Ks
2 GB Memory Card + 5000 Ks Top up card Free
ASHA 305
- 3" Touch Screen
- 64 MB Ram
- 2 MP
80,000 Ks
Soft Cover + 5000 Ks Top up card Free
NOKIA 301
- 2.4" Screen
- 64 MB Ram
- 2 MP
100,000 Ks
2 GB Memory Card + 5000 Ks Top up card Free
NOKIA 210
- 2.4" Screen
- 32 MB Ram
- 2 MP
75,000 Ks
2 GB Memory Card + 5000 Ks Top up card Free
NOKIA 206
- 2.4" Screen
- 64 MB Ram
- 1.3 MP
70,000 Ks
2 GB Memory Card + 5000 Ks Top up card Free
NOKIA 110
- 1.8" Screen
- Memory up to 16 GB
- Loud Speaker
52,000 Ks
2 GB Memory Card + 5000 Ks Top up card Free
NOKIA C205
- 2" Screen
- 10 MB Ram
- VGA 0.3 MP
60,000 Ks
2 GB Memory Card + 5000 Ks Top up card Free
NOKIA 105
- 1.45" Screen
- Torch Light
- Stero FM
28,000 Ks
5000 Ks Top up card Free
NOKIA ORIGINAL
Freebies Available
GSM Top Up Card
2 GB Memory Card
Wireless Charging Cover
Shell Cover
Soft Cover
NOKIA Showroom & Service Center
152A, West Shwe Gone Taing Road,
Yae Tar Shay Quarter, Bahan Township,
Yangon, Myanmar. Ph No: 09 31873054
NOKIA Care Hotline 09-31621515
nokiamyanmar






**HUAWEI ၏ ပထမဦးဆုံး**
**မြန်မာစာစနစ်သုံး *Ascend G6***

- 5MP ကိုအသုံးပြုထားသော Front Camera
- ၁၀ စက္ကန့်စာ အသံသွင်းထားနိုင်သော ရုပ်/သံဓါတ်ပုံ Audio Photo
- Panorama မြင်ကွင်းကျယ်ဓါတ်ပုံရိုက်ကူးနိုင်သော 8MP ကျောဘက်ကင်မရာ
- warranty ကဒ်ပါသော customer များအတွက် 1year service warranty

✸ အသေးစိတ်သိရှိလိုပါက အောက်ပါ လိပ်စာသို့ စုံစမ်းမေးမြန်းနိုင်ပါသည် ✸

***The service address:***
YGN Service Center (ငှဝ်လမ်း) - အမှတ်(၅၀၅၅)၊ ငှဝ်လမ်း(အောက်)၊ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့၊ 09-250283655
Branch I (ယုဇနပလာဇာ) - (H-4) ၊ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ 01-200747(ext:2887)
Branch II (မြေနီကုန်း) - တိုက် (A)၊ ဗားကရာလမ်း၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊ 01-2304749
MDY Service Center - ၇၈လမ်း၊ ၃၃ x ၃၄ ကြား၊ မန္တလေးမြို့၊ ဖုန်း - 09 4921 5392

Catch up with us on facebook
facebook.com/huawei device myanmar

vivo

Hi-Fi & Smart

# Xplay 3S

Extreme Hi-Fi & Video Experience

## Define What Should Be Next




### Basic Parameters

Android OS 4.3

2K Resolution

- Processor : Qualcomm Snapdragon 800 Krait 2.3 GHz Quad-Core
- Memory : 3GB RAM+32GB ROM
- Camear : 13.0 megapixels, Front Camera : 5.0 megapixels
- Dimensions : 158.2 x 82.59 x 8.68 mm
- Display : 6 " (1440 x 2560 pixels) IPS , 490 ppi
- Include : Smart motion , Smart Wave , Non-Touch , Air Wake

# 金星JXD

# JXD Comes Back !



## P1000F

- 4.2.2 (Jelly Bean) Android OS
- 1.3 GHz (3D+2D GPU)
- Dual GSM Card Slot
- Front and Rear Camera
- 7" (800*480 pixels)
- 512 MB DDR3 RAM
- 4GB memory
- Wifi, GPS, Bluetooth, FM
- Built - in Myanmar Keyboard
- Two ways : Battery + Charging



## P1000m

- 4.2.2 (Jelly Bean) Android OS
- 1.3 GHz Multi-Core GPU
- Dual GSM Card Slot
- Front and Rear Camera
- 7" (800*480 pixels)
- 512 MB DDR3 RAM
- 4GB memory
- 1080P HD Movie, Shortcut Fun
- Wifi, GPS, Bluetooth, FM
- Built - in Myanmar Keyboard



## P1000s

- 4.2.2 (Jelly Bean) Android OS
- 1.3 GHz Dual Core CPU
- Dual GSM Card Slot
- Front and Rear Camera
- 7" (800*480 pixels)
- 512 MB DDR3 RAM
- 2GB memory
- Wifi, GPS, Bluetooth, FM
- Built - in Myanmar Keyboard
- Two ways : Battery + Charging

Removable Battery
Universal Nokia Battery





## S6600b

- 4.2.2 (Jelly Bean) Android OS
- ARM CortexA8 1.2 GHz
- Ultra-thin Fuselage Design
- Front and Rear Camera
- 7" (16:9 Wide Angle)
- 512 MB DDR3 RAM
- 8GB memory (up to 32GB)
- Wifi, GPS, Bluetooth, FM
- Built - in Myanmar Keyboard
- Support 2160P Decoding



## P9100

- 4.2.2 (Jelly Bean) Android OS
- 1.3 GHz Dual Core CPU
- Dual GSM Card Slot
- Front and Rear Camera
- 9" (800*480 pixels)
- 512 MB DDR3 RAM
- 2GB memory
- Wifi, GPS, Bluetooth, FM
- Built - in Myanmar Keyboard
- Two ways : Battery + Charging


ZTC T8
GSM ? 800MHz ? MEC 1500 Ks UIM Card ? 450MHz ?
Just tell me
which you want !
a new member is coming ...
• LCD :2.4"
• Battery 1650mAh
• Crushproof Big Battery, Strong Signal
• 1.3 Million Pixels Camera
• CDMA 800MHz+GSM900*1800MHz
• MP3, MP4, FM
• Support Micro SD Card
We care about you !


ZXET
NEWS
CF 500
Memory Gifts
G 500
CF 320
2GB MICRO SD
GIFT
CF 290
CF 210
CF 2102
CF 220
ZXET Model ဖြစ်သော CF Series နှင့် G Series များမှ မည်သည့်
Handset ကိုမဆို ဝယ်ယူအားပေးကြသော Customer များအတွက်
ရေစိုခံအိတ်များ လက်ဆောင်ပေးလျှက်ရှိပါသည်။
CF 1050
GSM / CDMA
G 380
CF 270
CF 380
2GB MICRO SD
GIFT
CF 310
CF 360
CF 190
CF 110
CF 170


GH Mobile
iPhone 5C (China)
iPhone 5S (China)
Internet - 3G / Version - 7.0.2
Memory : 16G
Galaxy S4 (China)
Camera - 800W / Internet - 3G
CPU နှစ်ခုပါ
Note III (China)
Note II (China)
Camera - 800W / Internet - 3G
CPU နှစ်ခုပါ
Great Wall
Tablet 7", 9", 10"
(Internet / 3G)
Model : G977 - 9"
Memory : 8GB, Wifi, Bluetooth,
GSM/ WCDMA (2G) Sim Card Slot
7" PC Tablet Game များကို စျေးနှုန်းချိုသာစွာ ရောင်းချပေးနေပါသည်။
GH Mobile မှ Tablet, China Samsung Clone အမျိုးမျိုးကိုလက္ကားဖြန့်ချိရောင်းချပေးနေပါသည်။
(C-12) ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၅၂၈၁၃၃၃၊ ၀၉ ၄၂၅၂၈၆၃၃၃၊ ၀၉ ၇၃၀၁၂၆၆၆
Service Phone : 09 425281333, 09 31425333

# WATER PROOF

## Sony Accessories






### Sony Xperia Z1

Price - 549,000/-

တကယ်တော့ Z series ဖုန်းတွေဟာ ရေစိုခံဖို့အတွက် သီးသန့်ထုတ်လုပ်လိုက်သလားလို့တောင်ထင်ရပါတယ်။ နောက်ထပ်လည်း ရေစိုခံနိုင်ရုံတင်မကဘဲ နောက်ပိုင်းစမတ်ဖုန်းတွေကိုယှဉ်ပြိုင်နိုင်စေဖို့အတွက် မျက်နှာပြင် ပုံဖော်မှုနည်းပညာတွေ ထပ်တိုးထည့်သွင်းလာခဲ့သလို၊ ကင်မရာဖုန်းဆိုရင် Sony ကိုရွေးချယ်ရတဲ့အထိတောင်ဖြစ်စေပါတယ်။ မျက်နှာပြင်အကျယ်အဝန်းက ၅ ⋅ ၀ လက်မရှိမှာဖြစ်ပြီး၊ ပုံရိပ်ဖော်ပြနိုင်စွမ်း အတွက်ကတော့ 441 ppi ဖြစ်ပါတယ်။ Sony ရဲ့ ကိုယ်ပိုင်မျက်နှာပြင်ပုံဖော်မှုနည်းပညာဖြစ်တဲ့ Bravia ကို နောက်ဆုံးပေါ် Xperia ဖုန်းတွေမှာ တွေ့မြင်ကြရပေမယ့် Z1 မှာတော့ မိုဘိုင်းဖုန်းတွေအတွက် Triluminous ပုံဖော်စနစ်ကို ပထမဆုံး ပေါင်းစပ်အသုံးပြုထားတာဖြစ်ပါတယ်။ ဒီနည်းပညာမှာကျယ်ပြန့်များပြားလာတဲ့ အရောင်လက်ခံနိုင်စွမ်းနဲ့အတူသဘာဝကျတဲ့ ပုံရိပ်တွေအဖြစ် ပြန်လည်ဖော်ပြပေးနိုင်မှာဖြစ်ပါတယ်။ အဲဒီနည်းပညာကို အရောင်ပမာဏ ပိုမိုဖော်ပြနိုင်တဲ့ Sony ရဲ့ XReality နည်းပညာနဲ့ ပေါင်းစပ်လိုက်တဲ့အခါ မှာ မတူညီတဲ့ နည်းပညာပုံဖော်မှုအသစ်တစ်ခုကို ဖန်တီးမွေးဖွားပေးလိုက်သလိုပါပဲ။ အခြားစမတ်ဖုန်းတွေထက်စာရင် Full HD မျက်နှာပြင် ပေါ်မှာ ဖော်ပြပေးနိုင်တဲ့ ပုံစံဟာ ၆၀ ရာခိုင်နှုန်းကျော် ပိုမိုကောင်းမွန်နေတာကို တွေ့ရပါလိမ့်မယ်။ နောက်ဆုံးထွက် Android OS ကို တိုးမြှင့်ခွင့်ပေးထားပြီး၊ လိုအပ်ချက်တွေအကုန်လုံးကို ဖြည့်ဆည်းပေးထားပါတယ်။ 20.7MP အရည်အသွေးရှိ ကင်မရာကလည်းရိုက်ကူးတဲ့အခါ အသင့်အနေအထားအဖြစ် တစ်စက္ကန့်လောက်သာလိုအပ်ပါတယ်။ လက်ရှိအချိန်မှာ ကင်မရာအကောင်းဆုံး စမတ်ဖုန်းလို့တောင် ခေါ်ဆိုနိုင်ပါတယ်။ ဖုန်းနဲ့အချက် အလက်သိမ်းဆည်းလိုသူတွေအတွက် 16GB ဆိုပေမယ့် 11GB ကျော်ကျော်လောက်သာ သုံးစွဲနိုင်မှာဖြစ်ပါတယ်။ 2GB RAM ထောက်ပံ့မှုကိုလည်း ရရှိပါလိမ့်မယ်။ ဂိမ်းနဲ့ ရုပ်ရှင်တွေကိုအကောင်းဆုံးခံစားကြည့်ရှုနိုင်စေဖို့အတွက် 2.2 GHz krait 400 Quad-Core processor ကို Graphic adreno 330 နဲ့ ပေါင်းစပ်ထောက်ပံ့ပေးထားပါတယ်။အထင်ကြီးစရာကောင်းလောက်တဲ့ iP55 နဲ့ iP58 တည်ဆောက်မှုအရ ဖုန်ဒဏ်၊ ရေစိုဒဏ်ခံနိုင်ရုံ သက်သက်မဟုတ်ပါဘူး။ ရေအောက် ၁မီတာအနက်မှာ မိနစ် ၃၀ ကြာ အသုံးပြုနိုင်တဲ့ တစ်ခုတည်းအမျိုးအစားသော Full HD စမတ်ဖုန်းဖြစ်ပါတယ်။ ရေအောက်မြင်ကွင်းပုံစံတွေနဲ့ကြည်လင်တဲ့ ရုပ်ပုံတွေကိုလွတ်လွတ်လပ်လပ်ရိုက်ကူးနိုင်တဲ့အရသာကအကောင်းဆုံးအတွေ့အကြုံဖြစ်ပါလိမ့်မယ်။ သကြန်အမီလေးဝယ်ယူအသုံးပြုချင်တယ် ဆိုရင်တော့ ဖုန်း ၀၁-၃၉၈၅၆၆ နဲ့ ၀၁-၅၄၆၀၀၆ (လိုင်းခွဲ ၁၁၄) ကို စုံစမ်းမေးမြန်းနိုင်မှာဖြစ်ပါတယ်။ Waranty ကတော့ တစ်နှစ်သတ်မှတ်ပေးထားပြီး၊ မိုဘိုင်းဖုန်းအရောင်းဆိုင်၊ ကွန်ပျူတာအရောင်းဆိုင်တွေမှာ ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

### Walkman NWZ-W273

Price - 79,000/-

Sony ရဲ့ဒီဇိုင်းပုံစံအသစ်နဲ့ Walkman Sports MP3 Player ဟာ အားကစားပြုလုပ်ရင်း သီချင်းသံ အမြဲတမ်းနားထောင်တတ်သူတွေအဖို့ အထူးသင့်လျော်ပါတယ်။ ပြေးလွှားလှုပ်ရှားရတဲ့ အားကစားမျိုးတွေအပြင် ကြမ်းကြမ်းတမ်းတမ်း ပြုလုပ်ရတဲ့ လေ့ကျင့်ခန်းတွေ ပြုလုပ်နေစဉ်မှာပဲ သင့်အာရုံကို နှူးညံ့တဲ့ ဂီတသံတွေနဲ့ ဖမ်းစားထားနိုင်ပါလိမ့်မယ်။ ဒါ့အပြင် ရေကူးအားကစား နှစ်သက်သူတွေအတွက် သတင်းကောင်းကတော့ အကြမ်းခံရေစိုခံပြီး၊



ရေအောက် ၂ မီတာအနက်ထိ ခံနိုင်စွမ်းရှိပါတယ်။ အသံအရည်အသွေးက သင်ဘယ်နေရာသွားသွား သင်နဲ့တစ်သား တည်းရှိနေစေပြီး၊ တည်ငြိမ်တဲ့အာရုံစူးစိုက်မှုမျိုးကို ရရှိစေပါလိမ့်မယ်။ ဒီ Walkman မှာ အထူးခြားဆုံးက အင်မတန်ကောင်းမွန်တဲ့ ဘက်ထရီစနစ်ပါ။ အားကစားခန်းမကို ရောက်ရှိလို့ အားကစားပြုလုပ်ရင်း သီချင်းနားထောင်လိုတဲ့အခါ အိမ်ကနေ အားမသွင်းမိခဲ့ရင်လည်း ပြဿနာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ၃ မိနစ်ခန့် စောင့်ဆိုင်းရင်း အားသွင်းလိုက်တာနဲ့ မိနစ် ၆၀ ခန့် ပြန်လည်နားဆင်နိုင်တဲ့ အတွက်ကြောင့်ပါ။ တကယ်တမ်းအားအပြည့်အဝ သွင်းထားမယ်ဆိုရင်တော့ ၈ နာရီထိ ဆက်တိုက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ သိုလှောင်မှုပမာဏဟာ 4GB ရှိတဲ့အတွက် MP3 သီချင်းအပုဒ်ရေပေါင်း ၉၀၀ ကျော် ထည့်သွင်းထားနိုင်ပါလိမ့်မယ်။ PC,Mac နဲ့ Notebook တွေပေါ်က သီချင်းတွေကိုလည်း အလွယ်တကူ နားဆင်ချင်တဲ့အခါ Format ပြောင်းလဲစရာမလိုဘဲ MP3, WMA, AAC နဲ့ L-PCM အထိ အထောက်အပံ့ပေးနိုင်တဲ့အတွက် အလွယ်တကူ Drag & Drop ပြုလုပ်ကာ နားဆင်နိုင်စေမှာဖြစ်ပါတယ်။ ဖုန်း ၀၁-၃၉၈၅၆၆ နဲ့ ၀၁-၅၄၆၀၀၆ (လိုင်းခွဲ-၁၁၄) ကိုစုံစမ်းမေးမြန်းနိုင်မှာဖြစ်ပါတယ်။ Warranty ကတော့ ၁နှစ်သတ်မှတ်ပေးထားပြီး ကွန်ပျူတာ ဆိုင်အများစုမှာ ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

### Walkman NWZ-W262

Price - 71,000/-

Walkman Player တွေထဲမှာ W Series NWZ-W262 ဟာ Music Player တစ်ခုနဲ့ မတူဘဲ အလှအပ နည်းပညာအသုံးအဆောင်ပစ္စည်းတစ်ခုနဲ့ ပိုပြီးဆင်တူနေပါတယ်။ သေးသွယ်ပေါ့ပါးပြီး၊ ကျစ်လျစ်လှပတဲ့ ပုံစံဟာ မြင်လိုက်တာနဲ့ အကောင်းစားပစ္စည်းတစ်ခုမှန်း သိသာနေစေပါတယ်။ Wireless အထောက်အပံ့ပေးနိုင်တာကြောင့် တေးသီချင်းထည့်သွင်းရမယ့် ကိစ္စတွေအတွက် အထူးတလည် အလုပ်ရှုပ်စရာမလိုတော့ပါဘူး။ အကြမ်း ခံနိုင်မှုကတော့ SONY ရဲ့ ထုံးစံအတိုင်း ရေစိုခံ၊ ဖုန်ဒဏ်ခံနိုင်ပြီး၊ အားကစားပြုလုပ်ရင်းပဲဖြစ်ဖြစ်၊ ခရီးသွားလာ ရင်းပဲဖြစ်ဖြစ်၊ သာယာ နူးညံ့တဲ့ တေးသီချင်းတွေကို စိတ်ကြိုက်နားဆင်ခံစားနိုင်ပါလိမ့်မယ်။ ဘက်ထရီခံနိုင်ရည်အားအနေနဲ့ ၁ နာရီခွဲခန့် အားအပြည့် သွင်းထားရင် ၈ နာရီဆက်တိုက် ပြန်လည်နားဆင်နိုင်မှာဖြစ်ပြီး၊ ၃ မိနစ်သွင်းရုံနဲ့ မိနစ် ၆၀ စာနားထောင်နိုင်မယ့် Quick Charge စနစ်လည်း ပါဝင်ပါတယ်။ တပ်ဆင်လိုက်တဲ့အခါ ကိုယ့်ရဲ့ နားနဲ့အံဝင်ခွင်ကျဖြစ်အောင် အလွယ်တကူ ပြုလုပ်ယူနိုင်တာကလည်း သူ့ရဲ့အားသာချက်တစ်ခုဖြစ်ပါတယ်။ ပတ်ဝန်းကျင်အခြေအနေက ဆူညံသံတွေကို လျှော့ချကာ ကြည်လင်တဲ့အသံတွေကို စစ်ထုတ်ပေးနိုင်မယ့် EX Headphones စနစ်ကို အသုံးပြုထားပြီး၊ MP3, WMA, AAC-LC audio, L-PCM Audio စနစ်တွေကို အထောက်အပံ့ပေးထားပါတယ်။ ဖုန်း ၀၁-၃၉၈၅၆၆ နဲ့ ၀၁-၅၄၆၀၀၆ (လိုင်းခွဲ ၁၁၄)ကို စုံစမ်းမေးမြန်းနိုင်မှာ ဖြစ်ပါတယ်။ Warranty ကတော့ ၁ နှစ်သတ်မှတ်ပေးထားပြီး၊ ကွန်ပျူတာဆိုင်အများစုမှာ ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။



### Sony Xperia Z

Price - 389,000/-

Sony ရဲ့ ပရီမီယံဖုန်းတွေဟာ ရေစိုဒဏ်ခံနိုင်စွမ်းနဲ့ ဖုန်ဒဏ်ခံနိုင်စွမ်းကို လုံးဝကာကွယ်လာပါတယ်။ အခုဒီဖုန်းလေးကလည်း သကြန်ရေဒဏ်တွေကြားထဲမှာ အကောင်းဆုံးကိုင်တွယ်ပြောဆိုနိုင်မှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုရင် သူ့မှာရေစိုဒဏ်ခံနိုင် စွမ်းရှိစေဖို့အတွက် နည်းပညာဖြစ်တဲ့ IP57 ကို သုံးထားတာကြောင့်ပါ။ ဒီနည်းပညာကြောင့် ရေအရမ်းပက်နေတဲ့နေရာတွေတောင် မဟုတ်ပါဘူး။ ရေအနက် ၁ မီတာမှာတောင် မိနစ် ၃၀ ကြား အထားခံမှာဖြစ်ပါတယ်။ ၅ လက်မမျက်နှာပြင်နဲ့ လိုက်ဖက်ညီစွာပဲ ပုံဖော်နိုင်စွမ်းကလည်း HD အပြည့် (180 x 1920) ဖော်ပြမှုနဲ့အတူ၊ နောက်ဆုံးပေါ်ဖုန်းတွေတိုင်းမှာ ပါဝင်တဲ့ 441 ppi အရည်အသွေးနဲ့ မြင်တွေ့ရမှာဖြစ်တာကြောင့် အရုပ်တွေဟာ ဝေဝါးနေတာမျိုးတွေဖြစ်နေမှာမဟုတ်ဘဲ ရှင်းလင်းပီသနေပါလိမ့်မယ်။ ဖန်သားပြင်ကိုလည်း အစင်းရာထင်တာမျိုးတွေနဲ့ ရုတ်တရက်ပြုတ်ကျသွားရင် မှန်ကွဲအက်သွားတာမျိုးမဖြစ်အောင် စီမံဖန်တီးထားပါတယ်။ ဆိုနီရဲ့ နောက်ဆုံးပေါ် စမတ်တီဗီတွေသုံးထားတဲ့ Mobile Bravia Engine 2 နည်းပညာပေါင်းစပ်လိုက်တဲ့အခါ၌ ဘောလုံးပွဲနဲ့အခြား TV Show တွေကြည့်နေတဲ့အချိန်မှာ ပြင်ပမှာကြည့်နေရသလိုမျိုး ခံစားရမှာဖြစ်ပါတယ်။ OS ကတော့ နာမည်ကျော် android ပဲဖြစ်ပြီး၊ လက်ရှိအချိန်မှာ 4.3(JB) ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ အရည်အသွေးပိုင်းအတွက်ကတော့ လုံးဝစိတ်ချရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် ထိပ်တန်းစမတ်ဖုန်းတစ်လုံး အင်္ဂါရပ်နဲ့ ညီညွှတ်အောင် ကင်မရာပိုင်းရော ဖုန်းရဲ့ပါဝင်တဲ့ hardware ပိုင်းတွေပါ စိတ်ချရပါလိမ့်မယ်။ ကင်မရာဟာထိပ်တန်းအဆင့်ရှိ 13MP ဖြစ်ပြီး၊ ကင်မရာရဲ့ လုပ်ဆောင်ချက်တွေဖြစ်တဲ့ Geo-tagging, touch focus, auto focus, LED Flash, 3D sweep panorama, smile detection အစရှိတဲ့ လုပ်ဆောင်ချက်အစုံအလင် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ကင်မရာဟာ ဗီဒီယိုတွေရိုက်ကူးတဲ့ အချိန်မှာလည်း 1080p (HD) အရည်အသွေးရရှိအောင် စွမ်းဆောင်ပေးပါလိမ့်မယ်။ ဒုတိယကင်မရာငယ်ကတောင်မှ 2.2 ဖြစ်ပြီး၊ သူလည်း HD အရည်အသွေး ကို 30fps နှုန်းနဲ့ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ အချက်အလက် သိုလှောင်သိမ်းဆည်းနိုင်မှုအတွက်တော့ 16GB ဖြစ်တာကြောင့် လုံလောက်တဲ့ ပမာဏလို့ဆိုနိုင်ပါတယ်။ ဖုန်းအတွင်းပိုင်း တည်ဆောက်မှုအပိုင်းမှာတော့ ဂိမ်းနဲ့ရုပ်ရှင်တွေကို အကောင်းဆုံးခံစားကြည့်ရှုနိုင်စေဖို့အတွက် 1.5GHz Quad core processor ကို graphic adreno 320 နဲ့ ပေါင်းစပ်ထောက်ပံ့ပေးထားပါတယ်။ TV နဲ့ ချိတ်ဆက်ကြည့်ရှုနိုင်စေဖို့အတွက် MHL A/V link ထည့်သွင်းပေးထားပါတယ်။ ဘက်ထရီကို 2330mAh အသုံးပြုနိုင်ပါလိမ့်မယ်။ သကြန်ရေစိုစိုမှာ အကောင်းဆုံး ကိုင်တွယ်သုံးစွဲလိုတယ်ဆိုရင်တော့ ဖုန်း ၀၁-၃၉၈၅၆၆ နဲ့ ၀၁-၅၄၆၀၀၆(လိုင်းခွဲ ၁၁၄) ကို စုံစမ်းမေးမြန်းနိုင်မှာဖြစ်ပါတယ်။ Warranty ကတော့ တစ်နှစ် သတ်မှတ်ပေးထားပြီး၊ မိုဘိုင်းဖုန်းအရောင်းဆိုင်၊ ကွန်ပျူတာအရောင်းဆိုင်တွေမှာ ဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။






olive
W18
GSM+CDMA450M
2.4 Inch high definition toughening screen
3Million pixels camera
Mp3/Mp4 player
3000mAH battery
Bluetooth&FM
Phone torch
PTT
Strong signal
3-proof outdoor mobile phone
Waterproof dustproof shockproof
Waterproof rating:IP67


365 ELECTRONICS AND MOBILE SHOP
ငွေဖြည့်ကဒ်မျိုးစုံလည်း ဝယ်ယူရရှိနိုင်ပါသည်
Coolpad 5108 - CDMA 800MHz
Memory Cardslot
4 inches, 2.0MP, Bluetooth
2.3.5 Android Version
Mp3/MP4
White , Black
Coolpad 5218s - CDMA 800MHz
Memory Cardslot
4.5 inches, 3MP, Bluetooth
4.1.2 Android Version
Mp3/MP4
Black, White
E9 - CDMA 800MHz
Memory Cardslot
2.5 inches,Camera
MP3
Red, Black, White
E 600 - CDMA 800MHz
Memory Cardslot
2.5 inches,Camera
MP3
White , Black
E 1000 - CDMA 800MHz
Memory Cardslot
2.5 inches,Camera
MP3
Black
E 626E - CDMA 800MHz
Memory Cardslot
2.5 inches,Camera
MP3
White , Black
JC 100C - CDMA 800MHz
Memory Cardslot
2.5 inches,Camera
MP3
White , Black , Red
A 520 - CDMA 800MHz
Memory Cardslot
2.5 inches,Camera
MP3
White, Red, Black
နယ်မှမှာယူလိုသူများအတွက် ဝန်ဆောင်မှုအနေဖြင့် ဖုန်း (၅) လုံး နှင့် အထက်ဝယ်ယူသူတိုင်း
ကားဂိတ်အရောက်ပို့ခြင်းဖြင့် ဝန်ဆောင်မှုပေးနေပါသည်
MEC 1500ကျပ် ကဒ်သုံး CDMA 800MHz Mobile Phone များကို ကျပ် 12000 ဝန်းကျင်မှစ၍
Function စုံ MP3 /MP4, Camera Memory Cardslot ပါသော ပစ္စည်းမျိုးစုံကို လက်လီလက်ကား
ဝယ်ယူရရှိနိုင်ပါသည်။
No.769-154,C1-D1, ကမ္ဘာအေးဘုရားလမ်း နှင့်
ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး။
Phone : 01-657164,657795
H/P: 09-43073440
Email :365mobile.gba@gmail.com
Super One


SAMSUNG
SINGTECH
အတာတန်ခိုး နှစ်ကူးဆုမွန်
မြန်မာ့ရိုးရာ နှစ်ကူးအတာ သင်္ကြန်အခါသမယတွင်
မြန်မာပြည်သူ ပြည်သား မိတ်ဟောင်းမိတ်သစ်အပေါင်းတို့အား
လိုအင်ဆန္ဒအဝဝဖြင့် ပြည့်ဝပျော်ရွှင် ချမ်းမြေ့ကြည်လင်ပါစေကြောင်း
Cyber City Co., Ltd. မိသားစုမှ ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။
Cyber City Co., Ltd.
အမှတ်(၂၉၀)၊ ပြည်လမ်း (မဟာမြိုင်မှတ်တိုင်အနီး)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၅၃၆ ၉၆၆
အမှတ်(၃၀၁)၊ ဗိုလ်အောင်ကျော်လမ်း (အနော်ရထာလမ်း နှင့် မဟာဗန္ဓုလလမ်းကြား)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၂၅၃ ၆၁၃
အမှတ်(၇၈)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (လမ်း၅၀ မှတ်တိုင်အနီး)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁)၂၀ ၂၅ ၈၈၊ ၂၀၀ ၉၀၆
အမှတ်(C2-1)၊ ၃၁လမ်း (၇၇လမ်း နှင့် ၇၈လမ်းကြား)၊ ချမ်းအေးသာဇံမြို့နယ်။ ဖုန်း - ၀၉ ၄၀၂၅ ၈၇၄၅၀၊ ၀၉ ၅၀၆ ၃၉၁၆၊ ၀၉ ၄၂၅၂ ၉၂၉၂၇


circle tech
Connecting Tomorrow
S-600
Android Phone
Main feature
• Android 4.0.4
•Platform : MT6575
•4.3" WVGA,800x480 Capacitive touch
• 4GB ROM
•Dual Battery (1800+800mAh)
•WIFI 802.11 b/g/n
•GPS Navigator
Package
* Bluetooth Headset
* Leather Pouch
* Travel Charger
* Earphone
* Data Cable
P-410
Android Phone
Main feature
• Android 2.3.5
•Platform : MT6573
• Advanced Graphic & Gaming Performance
•4.1" WVGA,800x480 Capacitive touch
• 8M Pixels AF Camera
• Google market & APK applications
•WIFI 802.11 b/g/n
•GPS Navigator
Package
•Travel Charger
•Earphone
•Data cable
T-500
Java Phone
Main feature
•3.2" QVGA
•Resistive touch
•Resolution: 240*320
• camera 1.3MP
•Battery:1000mAh
•Support: Wireless FM
•Support :Bluetooth
•Metalic ID
Package
•2GB Micro SD Card
•Travel Charger
•Earphone
•Data cable
M-300
Java Phone
Main feature
•Platform : MTK6252
•2.0" TFT
•Resolution: 176*220
• camera 1.3MP
•Battery:1500mAh
•Support :Bluetooth
Package
•Travel Charger
•Earphone
•Data cable
Hotline - 09 421015168
Customer Care Counter : Junction Square; C121, 1st Floor. Ph : 01 527242 (Ext: 2072)


BRAVO COMMUNICATION TECHNOLOGY (HK) CO.,LTD
BRAVO
for better life
နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ
BRAVO ဟန်းဆက်များကိုစဥ်ဆက်မပြတ်အားပေးနေသော
Customer များနှင့် မြန်မာနိုင်ငံရှိ သန်း (၆၀)သော Customer များအားလုံး
၁၃၇၆ ခုနှစ်တွင်ကျရောက်သောနှစ်သစ်သကြၤန်အချိန်အခါသမယတွင်
ကျန်းမာရွှင်လန်း၍စီးပွားလာဘ်လာဘများကြီးပွားတိုးတက်ပါစေကြောင်း
BRAVO မိသားစုနှင့်ဝန်ထမ်းများမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်၊
နှစ်သစ်တွင် အသစ်ရောက်ရှိလာသည့်
BRAVO
New Model W668
4.7"
4.7 inches
GSM
GSM+WCDMA
480x854
4.2.0 (Jelly Bean)
Flash
4 GB
2 MP,Flash
512 MB
Dual Core-1.2 GHz
BRAVO
MOBILE LAND Mandalay
84st,Bet: 34x35,Chanayetharzan. Tel : 02-30727,09-2039048,2058881

# CITY - ONE Korea Mobile

One City

## Samsung Galaxy Round



| | |
|---|---|
| SM | - G910S |
| OS | - 4.3 |
| CPU | - 2.3 Quad Core |
| RAM | - 3GB |
| ROM | - 32GB |
| Camera | - 13MP |
| Sec Camera | - 2MP |
| Display | - 5.7" |

750,000/-

## SKY Vega No.6



| | |
|---|---|
| IM | - A860 S/K/L |
| OS | - 4.1.2 |
| CPU | - 1.5 Quad Core |
| RAM | - 2GB |
| ROM | - 32GB |
| Camera | - 13MP |
| Sec Camera | - 2MP |
| Display | - 5.9" |

400,000/-

## Samsung Galaxy Note 1



| | |
|---|---|
| SHV | - E160 S/K/L |
| OS | - 4.1.2 |
| CPU | - 1.5 Dual Core |
| RAM | - 1GB |
| ROM | - 16/32 GB |
| Camera | - 8MP |
| Sec Camera | - 1.9MP |
| Display | - 5.3" |

270,000/-

## Samsung Galaxy Note 2



| | |
|---|---|
| SHV | - E250 S/K/L |
| OS | - 4.1.2 |
| CPU | - 1.4 Quad Core |
| RAM | - 2GB |
| ROM | - 32GB |
| Camera | - 8MP |
| Sec Camera | - 1.9MP |
| Display | - 5.5" |

400,000/-

## Samsung Galaxy Note 3



| | |
|---|---|
| SM | - N900 S/K/L |
| OS | - 4.3 |
| CPU | - 2.3 Quad Core |
| RAM | - 3GB |
| ROM | - 32GB |
| Camera | - 13MP |
| Sec Camera | - 2.1MP |
| Display | - 5.7" |

670,000/-

## Samsung Galaxy S2



| | |
|---|---|
| SHV | - M250 S/K |
| OS | - 4.1.2 |
| CPU | - 1.2 Dual Core |
| RAM | - 1GB |
| ROM | - 16GB |
| Camera | - 8MP |
| Sec Camera | - 1.9MP |
| Display | - 4.3" |

200,000/-

## Samsung Galaxy S3



| | |
|---|---|
| SHV | - E210 S/K/L |
| OS | - 4.1.2 |
| CPU | - 1.4 Quad Core |
| RAM | - 2GB |
| ROM | - 16/32 GB |
| Camera | - 8MP |
| Sec Camera | - 1.9MP |
| Display | - 4.8" |

280,000/-

## Samsung Galaxy S4



| | |
|---|---|
| SHV | - E300 S/K/L |
| OS | - 4.2.2 |
| CPU | - 1.6 Octa Core |
| RAM | - 2GB |
| ROM | - 16/32GB |
| Camera | - 13MP |
| Sec Camera | - 2.1MP |
| Display | - 5" |

450,000/-

## SKY Vega LTE A



| | |
|---|---|
| IM | - A880 S/K/L |
| OS | - 4.2.2 |
| CPU | - 2.26 QuadCore |
| RAM | - 2GB |
| ROM | - 32GB |
| Camera | - 13MP |
| Sec Camera | - 1.9MP |
| Display | - 5.6" |

400,000/-

## LG Optimus Tag



LG F120 S/K/L

| | |
|---|---|
| OS | - 4.1.2 |
| CPU | - 1.2 Dual Core |
| RAM | - 1GB |
| ROM | - 16GB |
| Camera | - 5MP |
| Sec Camera | - 1.3MP |
| Display | - 4.3" |

210,000/-

## LG Optimus LTE-3



LG F260 S/K/L

| | |
|---|---|
| OS | - 4.1.2 |
| CPU | - 1.5 Dual Core |
| RAM | - 2GB |
| ROM | - 8GB |
| Camera | - 8MP |
| Sec Camera | - 1.3MP |
| Display | - 4.7" |

260,000/-

## SKY Vega Iron



| | |
|---|---|
| IM | - A870S/K/L |
| OS | - 4.1.2 |
| CPU | - 1.7 Quad Core |
| RAM | - 2GB |
| ROM | - 32GB |
| Camera | - 13MP |
| Sec Camera | - 2MP |
| Display | - 5" |

350,000/-

## LG Optimus LTE-2



LG F160 S/K/L

| | |
|---|---|
| OS | - 4.1.2 |
| CPU | - 1.5 Dual Core |
| RAM | - 2GB |
| ROM | - 8GB |
| Camera | - 8MP |
| Sec Camera | - 1.3MP |
| Display | - 4.7" |

260,000/-

## Samsung Galaxy S4 Mini



SHV-E370K

| | |
|---|---|
| OS | - 4.2.2 |
| CPU | - 1.7 Dual Krait |
| RAM | - 1.5GB |
| ROM | - 8GB |
| Camera | - 8 MP |
| Sec Camera | - 1.9MP |
| Display | - 4.3" |

310,000/-

ဝန်ထမ်းအလိုရှိသည်။ ဖုန်းပိုင်းဆိုင်ရာကျွမ်းကျင်သူဖြစ်ရမည်။

Showroom : No. 150, Ground Floor, Bargayar Street,
San Chaung Township, Yangon.
Ph : 09 250369994, 09 43053227, 09 250492033